စိတ်ကူးချိုချိုအစုမဉ္ဇာ

# တြိဂံ

## မောင်နေဝင်း၊ မင်းကျော်၊ နတ်နွယ်

ဝတ္ထုရှည် သုံးပုဒ်



ဒုတိယအကြိမ်

mgyoe.com

တြိဂံတွင် ပါဝင်သော ဝတ္ထုများသည်
စာရေးသူ မောင်နေဝင်း၊ မင်းကျော်၊ နတ်နွယ်တို့က
ကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ပေးခဲ့ကြသည့် ဝတ္ထုများ ဖြစ်သည်။
နတ်နွယ်၏ ဝတ္ထုသည် ၁၉၅၄ က ရေးခဲ့ပြီး
မင်းကျော်နှင့် မောင်နေဝင်းတို့၏ ဝတ္ထုများမှာမူ ၁၉၆၈ က ရေးခဲ့သည်။
ကျွန်တော်တို့သည် ဝတ္ထုများစွာကို ဖတ်နေကြ၏။
ဝတ္ထုများစွာလည်း ပေါ်ထွက်လျက် ရှိပေ၏။
မည်ကဲ့သို့သော ဝတ္ထုများ ပေါ်ထွက်နေပြီး
မည်ကဲ့သို့သော ဝတ္ထုများ ဖတ်နေကြသနည်း။
စာချစ်သူများ အချင်းချင်း မေးသင့်မေးထိုက်သော မေးခွန်းဖြစ်ပါသည်။
ဝတ္ထုရေးသူသည် မည်သည့် ဦးတည်ချက်ဖြင့် ရေးသနည်း။
စာဖတ်သူအပေါ်၌ သူဘာကို ပေးလိုသနည်း။

# တြိဂံ

ဝတ္ထုရှည် သုံးပုဒ်



ISBN9789997130082
MK23
9 789997 130082
2,500.00KS

mgyoe.com

တြိဂံ(ဝတ္ထုရှည် သုံးပုဒ်)၊ မောင်နေဝင်း၊ နတ်နွယ်၊ မင်းကျော်
စာမျက်နှာ ၂၁၄ မျက်နှာ၊ ၁၂ ·၈ စင်တီ × ၁၈ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၇၅ မိခင်စာပေတိုက်၏ ပထမအကြိမ်မှ

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | ပထမအကြိမ် ထုတ်ဝေသူ၏အမှာ | က |
| ၁။ | မောင်နေဝင်း | ၁ |
| | အနိမ့်ဘုံ | ၃ |
| ၂။ | နတ်နွယ် | ၈၁ |
| | ရေးသောဝတ္ထုရှည် | ၈၃ |
| ၃။ | မင်းကျော် | ၁၄၀ |
| | ယမန်နေ့ကအဆက် | ၁၄၂ |




mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ပထမအကြိမ် ထုတ်ဝေသူ၏အမှာ

(၁)

မောင်နေဝင်း၊ နတ်နွယ်နှင့် မင်းကျော်တို့၏ မဂ္ဂဇင်း ဝတ္ထုရှည်သုံးပုဒ်ကို စုပေါင်းကာ 'တြိဂံ' ဟူသောအမည်ဖြင့် ထုတ်ဝေလိုက်ပါသည်။

မောင်နေဝင်း၊ နတ်နွယ်၊ မင်းကျော်တို့သည် သက်တူ ရွယ်တူများ ဖြစ်သလို ကလောင်သက်တမ်းအားဖြင့်လည်း မတိမ်းမယိမ်းများ ဖြစ်ကြသည်။ ရေရိုင်းမြေရိုင်း၊ မြန်မာ ပြည်မြောက်ပိုင်းနှင့် ငါတို့ခေတ်နှင့် အပြိုင်ကဲ့သို့သော ဝတ္ထု ရှည်ကြီးများကို သူတို့ရေးခဲ့ကြသည်။

သူတို့၏စာများသည် သူတို့တွေ့ဆုံရင်ဆိုင်ခဲ့ရသော၊ ဖြတ်သန်းခဲ့ရသော ခေတ်အသီးသီး၊ ကာလအမျိုးမျိုးကို သူ့နည်းသူ့ဟန်ဖြင့် ထင်ဟပ်ဖော်ပြကြသော စာများဖြစ် သည်။ များစွာသော စာစောင်များ၊ မဂ္ဂဇင်းများတွင်ပါရှိခဲ့ပြီး ဖြစ်သော ဝတ္ထုတို၊ ဝတ္ထုရှည်များစွာ ရှိနေပါသည်။ ယင်း တို့ကို မပျောက်ပျက်စေရန်အတွက် စုဆောင်းသိမ်းဆည်းဖို့

mgyoe.com

mgyoe.com



လိုအပ်သည်။ အကောင်းဆုံးနည်းကား စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်ခြင်းပင်ဖြစ်သည်။

နေရီရီစာအုပ်တိုက်သည် ယင်းသဘောကို ကောင်းစွာလက်ခံပါသည်။ ကာလရှည်ကြာစွာက စာနယ်ဇင်း အသီးသီးတွင် ပါရှိခဲ့သောစာများ မပျောက်မပျက်ရှိစေရန်၊ စာချစ်သူတို့က မိမိတို့နှစ်သက်ရာ စာရေးဆရာ၏ စာဟောင်းပေဟောင်းများအား ပြန်လည်လေ့လာနိုင်ကြစေရန်ပင် ဖြစ်ပါသည်။

(၂)

ကျွန်ုပ်တို့သည် ဝတ္ထုများစွာကိုဖတ်နေကြ၏။ ဝတ္ထုများစွာလည်း ပေါ်ထွက်လျက်ရှိပေ၏။ မည်ကဲ့သို့သော ဝတ္ထုများ ပေါ်ထွက်နေပြီး၊ မည်ကဲ့သို့သောဝတ္ထုများ ဖတ်နေကြသနည်း။

စာချစ်သူများအချင်းချင်း မေးသင့်မေးထိုက်သော မေးခွန်းဖြစ်ပါသည်။

ဝတ္ထုရေးသူသည် မည်သည့်ဦးတည်ချက်ဖြင့် သူ့ဝတ္ထုကိုရေးသနည်း။ စာဖတ်သူအပေါ်၌ သူဘာကိုပေးလိုသနည်း။

ယင်းအမြင်ဖြင့် ဝတ္ထုများကိုဆန်းစစ်ဖို့ လိုပါသည်။ ယခုတြိဂံတွင် စုစည်းထားသော ဝတ္ထုသုံးပုဒ်ကိုလည်း အထက်ပါအမြင်ဖြင့်ပင် ဆန်းစစ်ကြည့်သင့်သည်ထင်ပါသည်။ နတ်နွယ်၏ 'ရေးသောဝတ္ထုရှည်' သည် ၁၉၅၄ ခုနှစ်က ရေးခဲ့သည့်ဝတ္ထုဖြစ်၏။ မောင်နေဝင်းနှင့် မင်းကျော်တို့

mgyoe.com

mgyoe.com



၏ဝတ္ထုများမှာမူ ၁၉၆၈ ခုနှစ်က ရေးခဲ့သော ဝတ္ထုများဖြစ်ပေသည်။ အဆိုပါဝတ္ထုများ၌ သူတို့၏အရေးအသား သဘောကိုလည်းကောင်း၊ ဦးတည်ချက်ကိုလည်းကောင်း၊ ထိထိမိမိ စူးစမ်းသိရှိနိုင်သော အချက်အလက်များ ပါဝင်နေသည်ဟု ထင်ပါသည်။

တစ်စုံတစ်ရာသော လူတန်းစား အသွင်လက္ခဏာနှင့် ယင်းလူတန်းစားပဋိပက္ခကို အဆိုပါဝတ္ထုများ၌ ထင်ဟပ်ပြရန် ကြိုးစားထားကြောင်း တွေ့ရှိရသည်။ နှစ်ကာလအားဖြင့် အတန်အသင့် ကြာမြင့်လာပြီဖြစ်သည့်အတွက် ယခု သူတို့၏အရေးအသားနှင့် ယခင်သူတို့၏ အရေးအသားများ ရွေ့လျောပြောင်းလဲခြင်း ရှိမရှိကိုလည်း ဝေဖန်ချင့်ချိန်နိုင်ကြမည် ထင်ပါသည်။

တြိဂံတွင်ပါရှိသော ဝတ္ထုများမှာ သက်ဆိုင်ရာ ကာယကံရှင် စာရေးဆရာများကိုယ်တိုင် စိတ်ကြိုက်ရွေးချယ်ပေးသော ဝတ္ထုများဖြစ်သည်။ မောင်နေဝင်း၊ နတ်နွယ်နှင့် မင်းကျော်တို့ရေးသော စာပေသဘောတရား၊ စာပေအရေးအသား၊ စာပေဝေဖန်ရေးဆိုင်ရာ ဆောင်းပါးများကို ပေါင်းစုလျက် 'တော်လှန်စာပေ' ဟူ၍ လွန်ခဲ့သော နှစ်များအတွင်းက ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါစာအုပ်တွင် သူတို့သုံးယောက်၏ စာပေဆိုင်ရာ အယူအဆများ အကျယ်တဝင့်ပါရှိပြီး ဖြစ်ပါသည်။

ယခု တြိဂံတွင်မူ စာရေးသူ၏အာဘော်ကို ဖတ်ရှုရုံမျှမကဘဲ စာရေးသူ၏ဘဝကို တစေ့တစောင်း လှေလာနိုင်စေရန် အလို့ငှာ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်များကို ရှာဖွေထည့်သွင်းပေး

mgyoe.com

mgyoe.com



ထားပါသည်။ ဤသို့အားဖြင့် စာရေးသူ၏စာနှင့် စာရေးသူ၏ဘဝကို ယှဉ်တွဲလေ့လာနိုင်ကြစေရန် ဖြစ်ပါသည်။

စာရေးဆရာသုံးဦးက စိတ်ကြိုက် ရွေးချယ်ပေးလိုက်သော ဝတ္ထုများကိုဖတ်ရှုပြီးနောက် လိုအပ်သလို ကောက်ချက်ချရန် ဝေဖန်ရန်မှာ စာဖတ်သူတို့၏တာဝန်သာ ဖြစ်ပါသည်။

နိုဝင်ဘာလ၊ ၁၉၇၅ ခုနှစ်။

❑

mgyoe.com

mgyoe.com

## မောင်နေဝင်း

မောင်နေဝင်းကို ကုန်သည်ဦးစိန်ရ၊ ဒေါ်ရှုယဉ်တို့က ၁၉၃၀ ပြည့်နှစ်၊ မေလ ၁၄ ရက်နေ့တွင် မအူပင်မြို့၌ မွေးဖွားခဲ့သည်။ ငယ်မည် တက်တိုးဖြစ်သည်။ ၁၉၃၆ ခုနှစ်တွင် မအူပင်မြို့၊ ဦးလူလှ အမျိုးသားအထက်တန်းကျောင်း၌ စတင်ပညာသင်ကြားသည်။ ထိုကျောင်းမှ စတုတ္ထတန်းအောင်ပြီးနောက် မအူပင်အစိုးရ အထက်တန်းကျောင်းတွင် ဆက်လက်ပညာသင်ယူသည်။

ဂျပန်ခေတ်၌ အာရှလူငယ်များ အစည်းအရုံးသို့ ဝင်ရောက်ခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် မအူပင်ခရိုင် ကျောင်းသားသမဂ္ဂ စည်းရုံးရေးမှူးအဖြစ် ဆောင်ရွက်သည်။ ၁၉၄၇ ခုနှစ်တွင် မော်လမြိုင်မြို့၌ဖွင့်လှစ်သော အောက်ဗမာနိုင်ငံကျောင်းသားတပ်ဦး စစ်တက္ကသိုလ်စည်းရုံးရေးနှင့် စစ်ခေါင်းဆောင် သင်တန်းသို့တက်ရောက်ပြီး စစ်ပညာသင်ယူသည်။

၁၉၄၈ ခုနှစ်တွင် မအူပင်ခရိုင် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ကျောင်းမှထွက်သည်။

၁၉၅၀ ပြည့်နှစ်တွင်ပင် စာပေလောကသို့ စတင်ဝင်ရောက်သည်။ ပထမဆုံးဝတ္ထုမှာ တော်ဝင်မဂ္ဂဇင်းတွင်ပါဝင်သော 'အနှင်း' ဝတ္ထုတို

mgyoe.com

mgyoe.com


ဖြစ်သည်။ စာရေးစက ကဗျာများလည်း ရေးခဲ့သည်။ ပီမိုးနင်း၏ 'နေရိရိ' ဝတ္ထုမှ အဓိကဇာတ်ကောင် မောင်နေဝင်းကိုအစွဲအလမ်းရှိသဖြင့် 'မောင်နေဝင်း'ဟူသော ကလောင်အမည်သုံးခဲ့ခြင်းဖြစ်သည်။

၁၉၅၁ ခုနှစ် ကျန်းမာရေးညွှန်ကြားရေးဝန်ရုံးတွင် ဝင်ရောက်အမှုထမ်းသည်။ အမှုထမ်းပေါင်းစုံ သမဂ္ဂကထုတ်ဝေသော 'အမှုထမ်းသစ်' ဂျာနယ်တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် လူထုသတင်းစာ လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ယူ ထမ်းဆောင်စဉ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေး အက်ဥပဒေပုဒ်မ ၅ ဖြင့် အဖမ်းခံရသည်။ ၁၉၅၆ ခုနှစ်တွင် ထောင်မှလွတ်ပြီးနောက် ဆိုဗီယက်တာ့စ်ကြေးနန်းသတင်းဌာန မြန်မာပိုင်း အယ်ဒီတာနှင့် လူထုသတင်းစာ၏ သတင်းအယ်ဒီတာအဖြစ် အမှုထမ်းသည်။ ၁၉၆၄ ခုနှစ်တွင် တာ့စ်ကြေးနန်းသတင်းဌာနမှ နုတ်ထွက်ခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ကိုရီးယားဗဟိုသတင်းဌာန၏ မြန်မာနိုင်ငံ သတင်းထောက်အဖြစ် အမှုထမ်းသည်။

မောင်နေဝင်းသည် စာရေးဆရာ စာပေကလပ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂတို့၌ အမှုဆောင်အဖြစ်၊ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၁၉၇၄ ခုနှစ် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း တွဲဖက်အတွင်းရေးမှူး၊ ၁၉၆၇ ခုနှစ်တွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။

❑

mgyoe.com

mgyoe.com

# အနိမ့်ဘုံ

(၁)

လှိုင်မြစ်၏ကမ်းပါးတွင် သဲသောင်အပြန့်အပြူးဟူ၍မရှိ။ ရေရိုင်းတို့ တဝုန်းဝုန်း တိုက်ခတ်နေသော မြင့်မားမတ်စောက်သည့် ကမ်းနဖူးများသာရှိ၏။ ရေသည်ရိုင်း၏။ လှိုင်းတွေ၊ လေတွေကြီး၏။

တောင်အရပ်ဆီမှ မည်းကာပိတ်ကာ ဆို့ဆိုင်းတက်လာသော မိုးရိပ်မိုးဆင်ကြောင့် ရပ်ရှစ်ခွင်သည် ညို့မှိုင်းမှုန်ပြာလျက်ရှိလေ၏။ ယင်းအခါမျိုးတွင် မုတ်သုံလေသည် ကြမ်းကြမ်းတမ်းတမ်း ရိုက်ကြူးတိုက်ခတ်လာ၏။ လှိုင်မြစ်ရိုးတစ်လျှောက်၌ ဆောက်တည်ရာမရလောက်အောင် လှုပ်ရှားထကြွလာတတ်သည်။ မြစ်ပြင်သည် လှိုင်းတံပိုးများဖြင့် ပြည့်လျှမ်းလျက် ကမ်းပါးတစ်ဖက်တစ်ချက်ရှိ ကျူတော၊ ကိုင်းတောကြီးများ၊ သစ်ကြီးဝါးကြီးများမှာလည်း ဒယီးဒယိုင် ယိမ်းထိုးနေတတ်ကြသည်။

ဤကဲ့သို့သော အချိန်ကာလမျိုးတွင် အမေသည် ကျွန်တော့်အတွက် တေးတစ်ပုဒ်ကိုဖြစ်စေ၊ တစ်ပိုင်းတစ်စကိုဖြစ်စေ သီဆိုကာ ချော့မော့မြဲတည်း။

mgyoe.com

mgyoe.com


"မိုးမင်း... လွန်ကဲ... အုံ့ဖွဲ့စွေကာ... ရွာပင်သာရွာလှ... ပင်လုံး လန်း ကားကားငွားငွား... ရုံးအဆင့်ဆင့်မြိုင်ဖျား... နူးညွတ်စေဖွယ်သား"

အမေက မိုးကိုဖွဲ့သော ကြိုးသီချင်းကို သီဆိုပါသည်။ အမေ ဆိုဖန်များလှပြီဖြစ်သဖြင့် ဤကြိုးသီချင်းကို ကျွန်တော်ကလည်း အလွတ် ရနေလေပြီ။

တေးဆိုနေသော အမေ့အသံကား ကြည်လင်အေးမြသည်ဟု ကျွန်တော်ထင်ပါသည်။ အသံသည်တိုး၏၊ ဖြည်းညင်း၏။ နွေဦး လေပြည်လို ပျောင်းနွဲ့၏။ အမေတေးဆိုလျှင် ကျွန်တော့်စိတ်၌ ကြည်နူး ရသလောက် ဘာကြောင့်ရယ်မသိ၊ ဝမ်းနည်းတတ်သည်သာဖြစ်၏။ တစ်ခါတစ်ရံတော့ အမေက 'စိန်ခြယ်ဖြာရောင်လင်း' ကို ဆိုတတ်သည်။ စိန်ခြယ်ဖြာရောင်လင်းကား အသံအတက်အကျ အနွဲ့အပျောင်း ပိုများ သည်။ ထို့ကြောင့် ကျွန်တော် ပို၍ဝမ်းနည်းသည်။ ဘာကြောင့်ဆိုသည် ကိုကား ကျွန်တော်မသိပါ။

ထိုစဉ်က ကျွန်တော့်အသက် ခြောက်နှစ်ရှိပါပြီ။ ကျွန်တော့်အမေ ၏အမည်မှာ 'မစု' ဖြစ်ပါသည်။ ကျွန်တော့်အမေမစုနှင့် ဘဘဟု ကျွန်တော်ကခေါ်သော 'ကိုကြိုင်' တို့တွင် သားသမီးဟူ၍ ကျွန်တော် တစ်ယောက်တည်းသာ ရှိလေသည်။

အမေနှင့်ကျွန်တော်သည် ဘောလယ်ကျွန်းကြီးရှိ ကုက္ကိုဝရွာ ကလေးသို့ ရောက်နေကြ၏။ အမေကား ကုက္ကိုဝရွာ ဇာတိဖြစ်ပြီး ဘဘ မှာမူ တွံတေးဝနှင့် မအူပင်အကြားရှိ ထနီး–မိချောင်းရဲရွာဇာတိဖြစ်၏။ ယခု ကုက္ကိုဝသို့ ကျွန်တော်နှင့်အမေတို့ ရောက်ရှိနေခိုက် ဘဘမှာ ကုက္ကိုဝ တွင်မရှိ။ မိုးမခဘက်သို့ ရောက်နေ၏။

ကုက္ကိုဝ ရွာကလေးသည် ကျယ်ဝန်းလှသော လှိုင်မြစ်၏ကမ်း နဖူးတွင် တည်ရှိပါသည်။ ရွာကလေးသေးသလောက် လှိုင်မြစ်မှာ ကျယ်

mgyoe.com

mgyoe.com


ဝန်းလှသည်ဟု ကျွန်တော်ထင်ပါသည်။ ကုက္ကိုဝရွာကလေးက နုနယ်သလောက် လှိုင်မြစ်ကား ကြမ်းတမ်းခက်ထန်လှသည်ဟုလည်း ကျွန်တော်နားလည်ထားပါသည်။ လှိုင်မြစ်သည် ကုက္ကိုဝရွာ၏ ကမ်းပါးတွေကို ဖြိုချ၏။ ဒေါသမာန်ခက်ထန်သော လှိုင်းလုံးများဖြင့်လည်း ရိုက်ပုတ်၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုလျှင် ရေပြင်အောက်သို့မြှုပ်ပစ်၏။ ရွာကိုသာမက ရွာ့အနောက်ဘက်က စိမ်းမြသော လယ်ကွင်းတွေကိုပါ ရေလုံးများဖြင့် အဆက်မပြတ် လွှမ်းမိုးပစ်၏။ သို့မို့ကြောင့် ကုက္ကိုဝတွင်နေရသည်မှာ ကျွန်တော့်အတွက် မျက်စိသူငယ် အားငယ်ငယ်အဖြစ်မျိုး၌သာ ရှိနေတတ်၏။

မိုးစက်မိုးပေါက်တွေ ကျဆင်းလာလေပြီ။ အပြန့်အပြောကျယ်လှသော လှိုင်မြစ်ပြင်တွင် မိုးတံတိုင်းကြီး ကာရံထားလေသည်။ သို့ရာတွင် လှိုင်းသံတွေကို ကြားရသေးသည်။ ဝဲကတော့ ထိုးသံတွေကိုလည်း ကြားရသေးသည်။ မိုးသံလေသံ၊ ဝဲကတော့ထိုးသံ၊ လှိုင်းပုတ်သံများဖြင့် ဝန်းကျင်လောကတစ်ခုလုံး ပျက်သုဉ်းနေသလား ထင်ရသည်။

အမေကား သီချင်းကိုရပ်ကာ ပွင့်နေသောကဲလားကို အောက်သို့နှိမ့်ထားလိုက်ပြီးနောက် မိုးဝတ်ရုံကြီး ဆင်မြန်းထားသော လှိုင်မြစ်ဆီသို့ ငေးကြည့်နေသည်။ အမှန်အားဖြင့် အမေ့မျက်စိအာရုံသည် လှိုင်မြစ်ရေပြင်ထက်မှ မိုးဝတ်ရုံကို ထိုးဖောက်ကာ မိုးမခဆီသို့ ငေးမျှော်ဖောက်ထွင်းရန် ကြိုးပမ်းနေခြင်းသာ ဖြစ်ပါလိမ့်မည်။ တကယ်ဆိုရလျှင် မိုးမခကိုကား မြင်ရသည်မဟုတ်။

မိုးမခကား လှိုင်မြစ်၏တစ်ဖက်ကမ်း မဲဇလီရွာမှ အလွန်ဝေးသော ရေပြင်မြေပြင်နှင့် အင်းအိုင်ချောင်းမြောင်းတွေ ခြားနေသော အရပ်၌သာ ရှိနေပေ၏။

"မိုးမခမှာ အခုလို အချိန်မျိုးဆိုရင် လှိုင်းတွေလေတွေ သိပ်ကြီး

mgyoe.com

mgyoe.com


နေတော့မယ်၊ ဘုရား... ဘုရား၊ လူလေးရဲ့ဘဘ ဘေးကင်းပါစေ၊ မြွေဘေး ကင်းဘေးက လွတ်ကင်းပါစေ"

"မိုးမခဆိုတာ ဘာလဲ အမေ"

"အင်းပေါ့ သားရယ်၊ အင်းမှ တကယ့် အဓိကအင်း၊ အခုလို မိုးကောင်းတဲ့အချိန်မျိုးဆိုရင် မိုးမခဟာ တစ်ဖက်ကမ်းနဲ့တစ်ဖက်ကမ်း လှမ်းမမြင်နိုင်တဲ့ ပင်လယ်ကြီးလို ဖြစ်နေတယ် လူလေးရဲ့"

"ရေတွေ ကြီးနေတာပေါ့နော်"

"ဟုတ်တယ် လူလေး၊ ရေ သိပ်ကြီးတယ်၊ အဲဒီအင်းကြီးထဲမှာ ဒိုက်ဖတ်ကြီးတွေများလို့၊ ဒိုက်ဖတ်တွေကကြီးသလောက် အန္တရာယ် သိပ်များတာလူလေးရဲ့၊ မိုးမခအင်းမှာ မိုးညို့တက်လာတာနဲ့ တစ်ပြိုင်နက် လှိုင်းတွေလေတွေ ထန်တော့တာပဲ၊ ဒိုက်သရောကြီးတွေပိလို့ သေကြရတဲ့ အင်းသမားတွေရှိတယ်၊ ဒိုက်သရောကြီးတွေနားကပ်လို့ မြွေပါးကင်းပါး ထိပြီး သေကြရတဲ့လူတွေလည်းရှိတယ်၊ မိုးမခက အင်းသမားတွေဟာ သိပ်ဆင်းရဲကြီးတယ်၊ ပင်ပန်းတယ်၊ အန္တရာယ်လည်း အင်မတန်များ တယ် လူလေးရဲ့၊ ဒါကြောင့် လူလေးဘဘအတွက် အမေက စိတ်ပူတာပါ"

"ဘဘက ဘာသွားလုပ်တာလဲဟင်"

အမေသည် ကျွန်တော့်နဖူးပြင်ကို လက်ဖဝါးဖြင့် ပွတ်နေ၏။ အမေ့လက်ဖဝါးက ကြမ်းတမ်းလှပါ၏။ ကွာနေသော အရေခွံတွေက ကျွန်တော့်နဖူးပြင်ကို စူးရှစေသည်။ တံစဉ်ကိုင်ရ၊ ခန္တဲကိုင်ရ၊ ကိုင်းရှ ရဖန်များလွန်းသော အမေ့လက်ဖဝါးကြမ်းကြီး၏အတွေ့ကို ကျွန်တော် ကောင်းစွာ ယဉ်ပါးပြီမို့ အဆန်းတကြယ်ဟု မထင်တော့ပါ။

"အလုပ်သွားတာပေါ့ လူလေးရယ်"

ကျွန်တော့်နဖူး ဆံစတွေကိုသပ်ပေးရင်း အမေက ဖြေပါသည်။

mgyoe.com

mgyoe.com


"အဲဒီ မိုးမခမှာ ဘာအလုပ်လုပ်တာလဲ အမေ"

"အင်းအလုပ် လုပ်ရတယ်၊ ငါးဖမ်းရတယ်"

"ဘဘက လယ်မလုပ်ဘူးလား"

အမေက သက်ပြင်းချပါသည်။

အမေအဘယ့်ကြောင့် သက်ပြင်းချရသည်ကို ကျွန်တော်သိသည်။ အမေးအမြန်းထူလှရန်ကောဟု စိတ်မရှည်သည့်အတွက် သက်ပြင်းချခြင်းမဟုတ်သည်မှာ သေချာလှသည်။ အဘယ့်ကြောင့် လယ်မလုပ်နိုင်သနည်းဆိုသော အကြောင်းကို ရှင်းပြရမှာ ဝန်လေးနေခြင်းကြောင့်သာ ဖြစ်လိမ့်မည်ဟု ကျွန်တော် နားလည်ထားပြီးဖြစ်ပါသည်။

"အခုတော့ မလုပ်သေးဘူး လူလေးရဲ့၊ မိုးမခမှာပဲ ဒီတစ်မိုး အလုပ်လုပ်မယ်လို့ မင်းဘဘက ပြောသွားတာပဲ၊ နောက်ကျတော့ လယ်ပဲပြန်လုပ်ချင် လုပ်ဦးမှာပေါ့"

"ဒါဖြင့် ဘဘ ဘယ်တော့ပြန်လာမလဲ"

"အင်းအလုပ်သိမ်းချိန်ကျရင် ပြန်လာမှာပေါ့ လူလေးရယ်"

မိုးသည် ဖွဲရာမှသည်းလာ၏။ လေကလည်း ထန်သည်ထက် ထန်လာသည်။ ကောင်းကင်ပြင်သာမက ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း မည်းမှောင်လာသည်။ ဆောက်တည်ရာမရနိုင်သည့် သောက ဗျာပါဒများဖြင့် လုံးထွေးရစ်ပတ်နေသူအလား လောကတစ်ခွင်သည် မိုးစက်မိုးပေါက်များဖြင့် ငိုကြွေးလေ၏။

အမေကား နှိမ့်ချသော ကဲလားကို လုံးလုံးလျားလျား အောက်သို့ ချကာ ပိတ်ထားလိုက်လေ၏။ သို့မို့ကြောင့်လည်း တဲအတွင်း၌ မှောင်သွားသည်။ ဓနိမိုးပေါ်သို့ မိုးပေါက်များ အရှိန်ပြင်းစွာ ကျဆင်းလျက်ရှိသည်။ လေကလည်း တဲတစ်ခုလုံးကို သိမ့်သိမ့်တုန်အောင် ဖော့ယမ်းတိုက်ခတ်သည်။

mgyoe.com

mgyoe.com


အမေသည် ကျွန်တော့်ကို သူ့ရင်ခွင်တွင်းသို့ဆွဲသွင်းကာ ပွေ့ဖက်ထား၏။ အမေ့ရင်ခွင်ကား နွေးထွေးလှသည်ဟု ကျွန်တော်ထင်ပါသည်။ မိုးအေးအေး၊ ဆောင်းအေးအေးကာလမျိုး၌ နွေးနွေးထွေးထွေး ဝတ်စရာအဝတ်အစားဟူ၍မရှိသည့် ကျွန်တော့်ကို အမေသည် သူ၏ရင်ခွင်ဖြင့် နွေးထွေးစေခဲ့သည်သာ ဖြစ်၏။ ထို့နောက် အမေက ရေရေရာရာ အဓိပ္ပာယ်မထွက်သော တေးတစ်ပိုင်းတစ်စကိုညည်းရင်း ကျွန်တော့်အား ချော့သိပ်တတ်ချေသည်။ စင်စစ်မစုသည် ကျွန်တော့်အမေအရင်းမဟုတ်ပါ၊ ကိုကြိုင်မှာလည်း ကျွန်တော့်အဖေအရင်း မဟုတ်ပါ။

ကိုကြိုင်နှင့် မစုတို့ ထနီး မိချောင်းရဲတွင်နေစဉ်ကပင် ဤအချက်ကို ကျွန်တော် ရိုးရိပ်မျှဖြစ်စေ သိနားလည်ထားခဲ့ပြီးဖြစ်သည်။ သို့သော် မည်သည့်အခါမျှ ဤကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော်က ဖွင့်ဟမေးမြန်းခြင်း မပြုခဲ့။ မေးရန်လည်းဆန္ဒမရှိ။

သို့ရာတွင် ကျွန်တော့်ရင်တွင်း၌ကား မေးခွန်းပေါင်းစုံ ပေါ်ခဲ့ဖူးပေ၏။

ကိုကြိုင်နှင့်မစုသည် ကျွန်တော့်အဖေရင်း အမေရင်း တကယ်မဟုတ်လျှင် အဖေရင်း အမေရင်းမှာ မည်သူဖြစ်သနည်း။ အိမ်နီးချင်းလည်းဖြစ်၊ ကျွန်တော့်ထက် အသက်ကြီးကာ ကျွန်တော့်အပေါ်၌ တူရင်းသားရင်းပမာ ခင်မင်ရင်းနှီးလှသော ဦးလေးကိုညိုကမူ ထိုကိစ္စနှင့်စပ်လျဉ်း၍ ကျွန်တော့်ကို စကားစပ်မိတိုင်း သို့မဟုတ် ကျွန်တော်က မေးတိုင်း ဖွင့်ပြောလေ့ရှိ၏။

"မင်းမိဘတွေက မအူပင်မှာကွ၊ ပစ္စည်းချမ်းသာတယ်၊ သားသမီးလည်းများတယ်၊ မင်းဘဘရဲ့ အစ်ကိုအရင်းပေါ့၊ ကိုကြိုင်တို့ မစုတို့က သားသမီးရယ်လို့ တစ်ယောက်မှမထွန်းကားဘူး၊ အဲဒါနဲ့ မင်းကို သိပ်ချစ်လို့ခေါ်လာတာ၊ မင်းကို မစုတို့က ဒီထနီးမိချောင်းရဲကို ခေါ်လာ

mgyoe.com

mgyoe.com


တုန်းက မင်းဟာ နို့စို့ကလေးရှိသေးတယ်"

"ဦးလေးကိုညို တကယ် ပြောတာနော်"

"အေးပေါ့ကွ တကယ်ပါ၊ ကိုကြိုင့်အစ်ကိုနာမည်က ကိုဆိုင်တဲ့၊ ကိုဆိုင်ဟာလည်း တို့ထနီးမိချောင်းရဲသားပဲ၊ သူက မြို့မှာ အိမ်ထောင်ကျပြီး ကြီးပွားချမ်းသာနေတာ၊ ဒါပေမဲ့ ကိုကြိုင်တို့က သားလေးတစ်ယောက် လိုချင်နေကြတာမို့ မင်းကို အတင်းခေါ်လာတာပဲဟေ့၊ ချစ်လည်း ချစ်ကြပါတယ်ကွာ၊ သွားတော့မမေးနဲ့နော်၊ သူတို့ စိတ်မကောင်းဖြစ်နေဦးမယ်"

ဦးလေးကိုညို၏စကားကို ကျွန်တော်မယုံပါ။ အလေးအနက်လည်း သဘောမထားပါ။ သို့ရာတွင် ဦးလေးကိုညိုသာမက တစ်ရွာလုံးလိုလို ပြောလာကြသောအခါ ကျွန်တော့်ရင်တွင်း၌ သံသယ လှိုင်းတံပိုးတွေ ထန်ပြင်းလာရပါတော့သည်။

တချို့က နောက်သည်၊ တချို့က အတည်ပြောသည်၊ တချို့က စေတနာကောင်းသော အပြောမျိုးဖြင့်ပြော၍ တချို့ကမူ ကျွန်တော့်အတွက် ရင်ထုမနာဖြစ်ရပုံမျိုး ပြောကြသည်။ သို့မို့ကြောင့် ကိုကြိုင်နှင့်မစုတို့မှာ ကျွန်တော့် အဖေအမေရင်း ဟုတ်မဟုတ်ဟူသော ပြဿနာ၌ ရှင်းရှင်းလင်းလင်း မသိတတ်နိုင်သေးသလောက် ထွေပြားဝိုးဝါးသော အတွေးပေါင်းစုံတို့လည်း နေ့စဉ်နေ့တိုင်းလိုလို တွေးလာမိသည်။

"အမေ၊ ကျွန်တော်ဟာ အမေနဲ့ ဘဘရဲ့ သားအစစ်လားဟင်"

တစ်ခါက မျိုသိပ်မထားနိုင်သည့်အတွက် အမေ့ကို ဗြုန်းခနဲ မေးလိုက်မိသည်။

ချက်ချင်း အဖြေမပေးသေးဘဲ အမေက ငေးငိုင်နေသည်။ အမေ၏နဖူး အရေပြားပါးလှပ်လှပ်တွင် အကြောပြိုင်းပြိုင်းထလာသည်။

"သားအစစ်ပါ လူလေးရယ်၊ ရွာထဲကလူတွေက လူလေးကို မခံ

mgyoe.com

mgyoe.com



ချင်အောင် ကျိုးစားကြတာပါ၊ အဟုတ်မမှတ်ပါနဲ့၊ လူလေးဟာ အမေတို့ သားအစစ်ပါ၊ နို့... ဒါထက် လူလေးက ဘာဖြစ်လို့မေးတာလဲ"

"သိချင်လို့"

"အမေတို့သားမှ အမေတို့သားအစစ်ပါ လူလေးရယ်၊ လူများက ပြောင်တာကို မယုံပါနဲ့"

အမေ့မျက်လုံးအိမ်တွင် မျက်ရည်ဝဲလာသည်။

ကျွန်တော်ကလည်း ဆက်မမေးတော့ပါ။ အမေနှင့်ဘဘ၏ သားအစစ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အမေ မျက်ရည်ဝဲရသည်ကို ကျွန်တော်မမြင်ချင်။

ရင်တွင်း၌ ထာဝစဉ်လိုလို မတင်မကျဖြစ်နေရသော ဤကိစ္စအတွက် သိချင်စိတ် ပြင်းထန်နေစေကာမူ အမေ စိတ်ပချမ်းသာမည်၊ အမေ မျက်နှာညှိုးမည်မို့ မမေးတော့ဘဲ မေ့ပျောက်ဖို့ ကြိုးစားသည်။ ယင်းအတွေးများ၊ သံသယများဖြင့် လုံးထွေးသတ်ပုတ်နေရသောဘဝတွင် ကျွန်တော် လူမှန်းသိလာရခြင်း ဖြစ်ပါလိမ့်မည်။

ထနီးမိချောင်းရဲရွာသည် မအူပင်နှင့် တွံတေးတူးမြောင်းဝအကြား အလယ်ဗဟိုလောက်တွင် တည်ရှိလေသည်။ ဤနေရာ၌ တိုးမြစ်သည် ကျယ်ဝန်း၏။ ထနီးနှင့် မိချောင်းရဲရွာအကြားတွင် ချောင်းငယ်ကလေး တစ်ချောင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ထနီးကား ချောင်းကလေး၏ အောက်ဘက်ထိပ်၊ မိချောင်းရဲကား အထက်ဘက်ထိပ်ဖြစ်ပြီး သီးခြားရွာနှစ်ရွာဖြစ်သော်လည်း ထနီးမိချောင်းရဲဟု နယ်သူနယ်သားတွေက ခေါ်စမှတ်ပြုကြသည်။ ထနီးမိချောင်းရဲရွာတည်ရှိရာ တိုးမြစ်၏တစ်ဖက်ကမ်း မျက်နှာချင်းဆိုင်တွင် သုံးခွရွာကြီးရှိနေပြန်ရာ ရွာသုံးရွာ ဖိုခုံလောက်ဆိုင်နေသည်။

ကျွန်တော် နေထိုင်ရာ မိချောင်းရဲရွာကလေးတွင် မြစ်ရေစစ်ချိန်၌

mgyoe.com

mgyoe.com


ကျယ်ဝန်းသော သဲသောင်ပြင်ကြီး ပေါ်နေလေ့ရှိရာ ကျွန်တော်သည် ဤသဲသောင်ပြင်ကြီး၌ သွားထိုင်ကာ မြစ်ပြင်ဆီသို့ ငေးနေမိတတ်၏။

'အရွယ်မတိုင်မီ မိဘနှစ်ပါး ပိုးမွေးသလို မွေးကြရပြန်သည်။ အနန္တဂုဏ်ရှည် ပျိုကြည်အောင် ကျေးဇူးတင်သည်၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် လူဖြစ်အောင်ပဲ လုပ်ကျွေးခဲ့သည်'

တိုးမြစ်အတွင်း၌ ကုလားမခြင်းတောင်းဆွဲ နို့ဆီကြော်ငြာ မီးသင်္ဘောတစ်စီး လာရောက်ရပ်နားကာ နို့ဆီကြော်ငြာလေ့ရှိသည်။ သီချင်းဓာတ်ပြားတွေကို အသံချဲ့စက်ဖြင့်ဖွင့်ကာ ကုလားမခြင်းတောင်းဆွဲ နို့ဆီကောင်းကြောင်း ဟောပြောရင်း ဓာတ်ပြားများကိုပါ တစ်ချပ်ပြီးတစ်ချပ်ဖွင့်သည်။ ကျွန်တော်သည် မကြည်အောင်၏တေးသံကိုနားထောင်ရင်း မိဘအကြောင်းကို စဉ်းစား၏။

ရေရေရာရာ ဝေခွဲမရနိုင်သော၊ အမျိုးအမည်မသိသော ဝေဒနာကို ခံစားရ၏။ အရွယ်ရောက်စ၊ လူမှန်းသိစသာဖြစ်သော ကျွန်တော်၏ ရင်တွင်းက ဤဝေဒနာသည် ဘဘနှင့်အမေတို့မသိအောင် ကြိတ်မှိတ်မျို သိပ်ထားရသည့်အကြားမှ တိတ်တခိုး ပေါ်ထွက်လာသော ဝေဒနာပင် ဖြစ်ပေ၏။

ကျွန်တော့် မိဘအရင်းသည် မအူပင်၌ရှိသည်ဆို၏။ ပစ္စည်းဥစ္စာ ကုံလုံကြွယ်ဝကြသည်ဆို၏။ ဘဘနှင့်အမေတို့က ကျွန်တော့်အား နို့စို့ အရွယ်တွင် ခေါ်ဆောင်လာခဲ့ကြသည်ဆို၏။ ဟုတ်သလား၊ ဟုတ်လျှင် အဘယ့်ကြောင့်နည်း စသော မေးခွန်းတွေကို ကျွန်တော့်ဘာသာ ကျွန်တော်မေးကြည့်မိသည်။ သို့သော် မဖြေတတ်ပါ။

ဤမေးခွန်းတွေကို ဂဃနဏ ဖြေနိုင်လောက်သည့် အသိဉာဏ်မျိုး ကျွန်တော့်ဦးနှောက်တွင် ရှိမည်ဆိုဦးတော့ ကျွန်တော် ရဲရဲတင်းတင်း ပြတ်ပြတ်သားသား မဖြေချင်လှသေးပါ။ အဘယ့်ကြောင့်ဆိုသော်

mgyoe.com

mgyoe.com


ကျွန်တော်ကိုယ်တိုင်ကလည်း ဘဘနှင့်အမေ့အပေါ်တွင် သံယောဇဉ် တွယ်မိနေခြင်းကြောင့်သာ ဖြစ်သည်။

ဘဘနှင့်အမေသည် မိချောင်းရဲရွာကလေးတွင် လယ်ဆယ်ဧက လုပ်သည်။ ဆင်းရဲသည်၊ ကိုယ်ပိုင်နွား တစ်ရှဉ်းတလေပင်မရှိ။ တစ်တိုး ထွန်စာမျှသာရှိသော လယ်ဧကလေး အနည်းငယ်ကိုလုပ်ရခြင်းမှာ အပို လူ မငှားနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ကျွန်တော် နားလည်သည်။ တစ်တိုး ထွန်စာမျှသော မြေကို မြေရှင်သူဌေးထံမှ ဘဘက ငှား၍လုပ်ရသည့် အတိုင်း စပါးပေါ်ချိန်တွင် သီးစားခပေးရသည်။ တစ်ခါတစ်ရံ သီး ထောက်ခကိုပါ ပေးရပါသေးသည်။ သီးထောက်ခပေးလိုက်ရပြီဆိုလျှင် တစ်နှစ်လုံးမိုးထဲရေထဲ ရွှံ့ညွှန်ထဲ၌ နွားနှင့်အတူ တကုန်းကုန်းတရုန်းရုန်း လုပ်လာရသော ကျွန်တော်တို့လယ်မှထွက်သည့် အစွန်းထွက်စပါး ပိုကလေးကိုပါ ပေးလိုက်ရသည်သာဖြစ်၏။ တလင်းထဲ၌ စုပုံထားသော ပေါ်ခါစ စပါးတွေကို အားရအောင်မှ မကြည့်ရသေးမီ မြေရှင့်လက်သို့ အပ်ရသည်သာဖြစ်၏။

သို့မို့ကြောင့် ဘဘနှင့်အမေသည် ထာဝစဉ် ဆင်းရဲနေတတ်ကြ ၏။ ပင်လယ်ပြင်ကြီးလို စိမ်းမြသော စပါးပင်တွေကို စိုက်ကြသည်။ ရွှေရောင်တဝင်းဝင်း ထနေသည့် စပါးနှံတွေကို ကိုင်းငိုက်သီးစက်အောင် ဖန်တီးကြသည်။ ထွန်ဝင်ထွန်ချချိန်ကစ၍ တလင်းထဲ၌ စပါးနယ် စပါး လှေ့ချိန်အထိ လျှာအလျားသား ထွက်လုခမန်း ပင်ပန်းကြီးစွာ အလုပ် လုပ်ရသော ဘဘနှင့်အမေတို့တွင် ထာဝစဉ် ဆင်းရဲမွဲတေနေကြရသည့် အဖြစ်ကို ကျွန်တော် နားမလည်နိုင်လောက်အောင် ဖြစ်ရသည်။ ဆန် စပါးကို စိုက်ပျိုးပါလျက်၊ ဖန်တီးထုတ်လုပ်ပါလျက် အိမ်တွင် ထမင်းနပ် မှန်အောင်မစားရသော ကျွန်တော်တို့မိသားစု၏ဘဝကို နားလည်ဖို့ ကျွန်တော် ကြိုးပမ်းပါသည်။ ဤကြိုးပမ်းချက်ဖြင့် ဘဘနှင့်အမေတို့

mgyoe.com

mgyoe.com


အပေါ် ကျွန်တော်ချစ်သည်၊ သံယောဇဉ်တွယ်တာသည်၊ သူတို့ဘဝသည် ကျွန်တော့်ဘဝ။

ပထမတွင် ကျွန်တော့်ကို ကျွန်းထိပ်ကျောင်း၌ ဘဘကထားပါသေးသည်။ ကျွန်းထိပ်ကျောင်းဆရာတော်မှာ စာအသင်အပြ အလွန်တရာ ကောင်းမွန်လှပါ၏။ ကျွန်းထိပ်ကျောင်းတွင် ပရိတ်ကြီးအထိသင်ပြီးသောအခါ ဆရာဦးတင်လှ၏အတန်းကျောင်းသို့ ကျွန်တော့်ကိုပြောင်းထားပေးသည်။ အခြားသောကလေးများနည်းတူ အတန်းကျောင်းတွင် တက်ရောက်ရသည့်အတွက် ကျွန်တော် ဝမ်းမြောက်လှသည်။ ကျွန်တော့်ကို စာတွေတတ်စေချင်လှသော ဘဘအပေါ်၌လည်း ကျေးဇူးတင်မိပါသည်။

သို့ရာတွင် အတန်းကျောင်း၌ ဖင်နွေးအောင်ပင် မနေလိုက်ရပါ။ ပထမတန်း၌ တစ်နှစ်နေပြီးနောက် ဒုတိယတန်းသို့ တက်ရသောနှစ်တွင် ကျွန်တော်လည်း ကျောင်းထွက်ရလေတော့သည်။ ကျောင်းထွက်လိုက်ရသည်နှင့်တစ်ပြိုင်နက် ဘဘတို့ အမေတို့နှင့်အတူ လယ်ထဲဆင်းကာအလုပ်လုပ်ရသည်။

"ဘဘက လူလေးကို စာတွေအများကြီး တတ်စေချင်တယ်၊ အင်္ဂလိပ်စာဆိုရင်လည်း အနည်းဆုံး သံကြိုးစာ ဖတ်နိုင်လောက်အောင်တော့ ထားချင်တယ်ကွာ၊ ဒါပေမဲ့ ဒီနှစ်ဘဘတို့လယ်က အခြေအနေမကောင်းဘူး၊ လူလေး ကျောင်းတက်လို့ မဖြစ်တော့ဘူး၊ နောက်နှစ်မှာတော့ ဆက်ထားနိုင်မယ် ထင်တာပဲကွာ"

ကျွန်တော်က ဘာမှမပြော။

"ထားချင်ရင်လည်း ထားပါတော့လေ၊ လူလေးကို လယ်ထဲမှာခိုင်းမယ့်အစား ကျွန်မပဲပိုလုပ်ပါ့မယ်"

အမေက သို့ကလို ဝင်ပြောသည်။ အမေ့မျက်လုံးအစုံတွင်

mgyoe.com

mgyoe.com


မျက်ရည်ဝဲနေသည်။

"ငါ့လယ်အခြေအနေကို ငါအသိဆုံးပါ မစုရာ၊ နောက်ပြီး လူလေးကိုလည်း ငါက မင်းထက်ပိုပြီး စာတတ်စေချင်တာပေါ့၊ ဒါပေမဲ့ မထူးတော့ဘူးလေ၊ နောက်နှစ်မှပဲ ဆက်ထားတာပေါ့ကွာ"

ဘဘက သို့ကလိုပြောနေစဉ် ကျွန်တော်သည် ဘဘ၏မျက်နှာကို သေချာစွာ အကဲခတ်နေမိ၏။ ဘဘ၏မျက်နှာမှာ ညှိုးလျှလှ၏။ သို့သော် ဘဘသည် သောကရောက်နေသော အတွင်းစိတ်ကိုဖုံးကွယ်ရန် ကြိုးစားဟန်တူပါ၏။ ဘဘရော အမေပါ မျက်နှာမကောင်းကြ။

ကျွန်တော်ကတော့ ဘဘနှင့်အမေတို့၏မျက်နှာတွေကို တစ်လှည့်စီအငေးသား ကြည့်နေမိသည်မှအပ အခြား ဘာကိုမျှမပြောပါ။ အတန်းကျောင်း၌ ကျွန်တော်နေချင်လှပါသေးသည်။ အများကလေးများနည်းတူ ကျောင်းတက်လိုက်၊ ဆော့ကစားလိုက် နေချင်ပါသေးသည်။ သို့ရာတွင် အရိပ်အကဲမလှသော ဘဘနှင့် အမေတို့၏အဖြစ်ကို မျက်ဝါးထင်ထင် မြင်နေရသည့်အတွက် ဘာကိုမျှမပြောဘဲ ငြိမ်နေမိလိုက်ခြင်းသာဖြစ်ပေသည်။

နောက်တစ်နေ့ကစ၍ ကျွန်တော်လည်း ဘဘတို့နှင့်အတူ လယ်ထဲ ဆင်းရပါတော့သည်။

နံနက် ဝေလီဝေလင်းအချိန်တွင် အိပ်ရာမှထကာ ထမင်းကြမ်းနှင့် ကြသကာ၊ သို့မဟုတ် ထန်းလျက်ကို ဗိုက်အပြည့်သိပ် စားသောက်ပြီးနောက် လယ်ထဲဆင်းကြသည်။ ခနွဲထိုးရသည်၊ ကန်သင်းဆယ်ရသည်၊ စာခြောက်ရသည်။ နွားရိုင်းသွင်းချိန်မို့ လယ်ထဲမှ ပြန်ပြီဆိုရင် ဘဘနှင့်အမေ၏မျက်နှာသည် ညှိုးနွမ်းလာတတ်ကြသည်သာဖြစ်၏။ ထိုကဲ့သို့သော ညနေခင်းပေါင်းများစွာအနက်မှ တစ်ခုသော ညနေခင်းကိုကား ကျွန်တော် မေ့နိုင်တော့မည် မထင်ပါ။

mgyoe.com

mgyoe.com


"ရှင်နဲ့ လူလေးနဲ့ ထမင်းစားလေ"

လယ်ထဲမှ ပြန်ရောက်လာပြီးနောက် ရေမိုးချိုးပြီး၍ ထမင်းစားကြတော့မည့်ဆဲဆဲတွင် အမေက ထမင်းပွဲပြင်ပေးရင်း ပြောလိုက်ခြင်းဖြစ်သည်။

"မင်းကော"

"ကျွန်မ မစားဘူး"

ထမင်းစားပွဲ ခုံဝိုင်းကလေးကို ကျွန်တော်က လှမ်းကြည့်မိသည်။ ထမင်းကြမ်းခဲတစ်ခဲစီ ထည့်ထားသော ပန်းကန်ပြားနှစ်ချပ်၊ ငါးပိရည်တစ်ခွက်၊ ကန်စွန်းရွက်ပြုတ် တို့စရာတစ်ခွက်၊ ဘူးသီးဟင်းချိုတစ်ခွက်စသည့် ညစာအဖြစ်စားရမည့် ဟင်းခွက်တွေကို ရေနံ့ဆီ မီးခွက်ရောင်တွင် တွေ့ရသည်။

"ဘာလဲ ထမင်းမရှိဘူး မဟုတ်လား"

ဘဘက အမေ့ကို လှမ်းမေးလိုက်၏။

"ဟုတ်တယ်၊ မရှိဘူး"

"မရှိရင်လည်း ထပ်ချက်ပေါ့ မစုရာ"

"ဆန်လည်းမရှိဘူး ကိုကြိုင်"

နီကြင်ကြင် မီးရောင်အောက်မှ ဘဘ၏မျက်နှာမှာ ရဲရဲနီလျက်ရှိသည်။ ကျယ်ဝန်းသော နဖူးပြင်တွင် အကြောတွေ ပြိုင်းပြိုင်းထနေကြသည်။

"ဆန်မရှိတာပဲ ပြောနေ၊ ခြေရင်းအိမ်ကဖြစ်ဖြစ် သွားချေးပါလားကွ"

"သူတို့ဆီက အရင်ချေးထားတဲ့ ဆန်နှစ်လုံးတောင် ပေးဖို့ကျန်သေးတယ်။ ဟိုလျှောက်ချေးရ၊ ဒီလျှောက်ချေးရနဲ့ ကျွန်မတော့ မချေးချင်တော့ဘူး၊ သူတို့မလည်း ချောင်ချောင်လည်လည် ရှိကြတာမဟုတ်၊ သူလို

mgyoe.com

mgyoe.com


ကိုယ်လို လူချည်းပဲဟာ၊ ကြာတော့ ဘယ်သူက ချေးချင်မလဲ"

အမေက ဘဘနှင့် ခွန်းကြီးခွန်းငယ် ပြောလေ့မရှိကြောင်း ကျွန်တော်သိပါသည်။ သို့ရာတွင် ယခုကဲ့သို့ အမေက ခွန်းတုံ့ပြန်ပြောနေသည်ကို တွေ့ရကြားရသော ကျွန်တော့်မှာ မျက်စိအကြောင်သားဖြင့်သာ ဘဘနှင့် အမေ၏အပေါ်တွင် ထိုင်နေမိသည်။

"ဒါဖြင့်လည်း ပြီးရော၊ စကားတွေ သိပ်ရှည်ရှည် လျှောက်ပြောမနေနဲ့၊ ငါ မကြားချင်ဘူး၊ ငါ ထမင်းမစားဘူး"

"ရှင်နဲ့လူလေး စားလေ"

"ငါ မစားဘူး၊ မင်းစား"

"ကျွန်မ ဗိုက်ပြည့်နေတယ်"

အမေက ပြောပြောဆိုဆို အိမ်ရှေ့သို့ဆင်းသွားကာ တံစက်မြိတ်အလွန်နားရှိ သဘော်ပင်အောက်၌ သွားထိုင်ရင်း ပြောင်းဖူးဖက်လိပ်ကိုသာ ဖွာ၍နေ၏။

"ကဲ... လူလေး စားတော့လေ၊ မင်း ဆာလှရောပေါ့"

"ကျွန်တော်လည်း မစားချင်ဘူး"

သို့ကလိုသာ ပြောလိုက်ရသော်လည်း ကျွန်တော်သည် အလွန်တရာ ဆာလောင်လျက်ရှိ၏။ ဝမ်းဗိုက်တွင်း၌ တကြုတ်ကြုတ် မြည်နေ၏ ။

"စားဆို စားစမ်း"

ဘဘ၏အော်သံမှာ မိုးချုန်းသံကဲ့သို့ ပြင်းထန်စူးရှလှသည်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ တုန်သွားသည်။ သို့မို့ကြောင့်လည်း ထမင်းစားပွဲဝိုင်းကလေးအနားသို့တိုးကာ အေးစက်တောင့်တင်းနေသော ထမင်းကြမ်းခဲကို ခြေမွကာ စားနေလိုက်မိသည်။ ကျွန်တော့်မျက်လုံးမှ မျက်ရည်ပေါက်များမှာ ပါးပြင်ပေါ်သို့ စီးကျလာသည်။

mgyoe.com

mgyoe.com


"ကလေးကို မအော်ပါနဲ့"

သဘော်ပင်ခြေရင်း အမှောင်ရိပ်အတွင်း ထိုင်နေသော အမေက လှမ်းပြောသည်။ ဘဘက တစ်စုံတစ်ရာ ပြန်မပြောဘဲ မှိတ်တုတ်မှိတ်တုတ် တောက်လင်းနေသော ရေနံဆီမီးခွက်၏ မီးညွှန့်ဆီသို့သာ စူးစိုက်ကြည့်နေလေ၏။

"အင်းလေးဘာလေး ပြောင်းလုပ်ရအောင်ဆိုလည်း မလုပ်ဘူး၊ ဒီလယ်ကိုပဲ တွယ်တာနေတာကိုး၊ ကျွန်မတော့ ရှင့်ကို ဘာမှမပြောတော့ဘူး"

"ဟော့... မစု၊ မင်း စကားသိပ်များမနေစမ်းနဲ့ကွာ၊ ငါ ဒေါသထွက်လာပြီ"

"ဒေါသထွက်လည်း မတတ်နိုင်ဘူး၊ ပြောစရာရှိတာတော့ ပြောရမှာပဲ၊ ဒါတွေကို ပြောချင်နေတာ ကြာလှပြီ၊ တစ်နှစ်လာလည်း အကျိုးမရှိ၊ နောက်တစ်နှစ်လာလည်း အကျိုးမရှိ၊ အဲဒီလယ်ကိုပဲ မခွာနိုင်ဘူး၊ အင်းထဲသွားပြီး စာရင်းငှားလုပ်တာကမှ ထမင်းနပ်မှန်အောင် စားရဦးမယ်၊ အခုတော့ ဘယ်လောက် ပင်ပင်ပန်းပန်းလုပ်လုပ် လူမွဲလူတောင်ကို မပြောင်ဘူး"

"တယ်... သောက်စကားများတဲ့ မိန်းမပဲ၊ ကဲ... များဦးဟာ"

ဘဘကား သဘောကောင်းသလောက် စိတ်မြန်လက်မြန်နိုင်လှသူ ဖြစ်၏။ ပြောပြောဆိုဆိုနှင့်ပင် ဘဘသည် ထမင်းပန်းကန်ပြားကို ဆွဲယူကာ အမေ့ဆီသို့ လွှဲပေါက်လိုက်၏။ ကျွန်တော်ကား ထမင်းစားနေရင်း ဘဘနှင့်အမေ ရန်ဖြစ်သည်ကိုငေးကြည့်ကာ ငိုနေမိလေ၏။ ပန်းကန်ပြားသည် အမေ့ကိုမထိ၊ သဘော်ပင်ခြေရင်းရှိ မြေကြီးပေါ်သို့သာ ထိမှန်သဖြင့် ကွဲသွားလေ၏။

အမေက ဘာမျှမပြောတော့ဘဲ မှောင်မည်းမည်းမှာပင် ပန်းကန်

mgyoe.com

mgyoe.com


ကွဲတွေကို လိုက်ကောက်လျက်ရှိသည်။ ဘဘသည် အိမ်ဦးခန်းဘက်သို့ ထွက်သွား၏။ ထိုအခါတွင် အမေက အိမ်ပေါ်သို့ပြန်တက်လာကာ ကျွန်တော့်အပါး၌ လာထိုင်ရင်း...

"စား... လူလေး၊ ဝအောင်စားနော်"

အမေ့မျက်နှာတွင် မျက်ရည်များဖြင့် စိုရွှဲလျက်ရှိသည်။ သို့ရာတွင် အမေက မျက်ရည်လည်ရွဲဖြစ်နေသည့် ကျွန်တော့်ကိုကြည့်ကာ ပြုံးပါသည်။ ကြေကွဲဖွယ်ကောင်းလှသည့် အတိဒုက္ခများအကြားမှ ကြိုးစား အားယူကာ ကျွန်တော့်ကို နှစ်သိမ့်ခြင်းသာ ဖြစ်လေမည်လော မပြောတတ်ပါ။

(၂)

"မစုရေ၊ တို့ မိချောင်းရဲကိုပဲ ပြန်ကြစို့ကွာ"

အင်းသိမ်းချိန် ဟုတ် မဟုတ် ကျွန်တော်မသိ၊ ဘဘကမူ မိုးမခမှ ပြန်ရောက်လာပြီးနောက် အမေ့အား အထက်ပါအတိုင်း ပြောသံကြားလိုက်မိသည်။

"ရှင် ပြန်ချင်တယ်ဆိုလည်း ပြန်ပေါ့လေ"

"အေး... ငါ ပြန်ချင်တယ်၊ မိုးမခမှာ ကြာကြာနေပြီး လုပ်ရရင်တော့ ကိုက်မလားမသိဘူး၊ ဒါပေမဲ့ မစုရာ အင်းစာရင်းငှားလုပ်ရတာ မလွယ်ပါဘူး၊ ဘယ်လောက် ပင်ပန်းပင်ပန်း ပင်ပန်းတာကို ငါဂရုမစိုက်ဘူးဟေ့၊ ဒါပေမဲ့ တစ်နေ့တစ်နေ့ ဒီရေပြင်ကြီးထဲမှာပဲ နေနေရတာကို ငါ စိတ်မချမ်းသာဘူး၊ ငါ့ဘာသာငါ နုန်းထဲဗွက်ထဲ ရုန်းနေရတာပဲ ကောင်းတယ်၊ ဘာပဲဖြစ်ဖြစ် ငါပြန်မယ်"

အမေက ထုံးစံအတိုင်း ဘာမျှမပြော။ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ အေးချမ်းခြင်းကား အမေ၏ ထူးခြားသော အမှတ်အသား ဖြစ်လေသည်။

mgyoe.com

mgyoe.com


"မိချောင်းရဲဟာ ငါ့ဇာတိချက်မြှုပ်ကွ၊ တစ်ရွာမပြောင်း သူကောင်း မဖြစ်ဆိုပေမဲ့ မိချောင်းရဲကလွဲလို့တော့ ငါ ဘယ်မှမပြောင်းချင်ဘူး၊ အဲဒီပဲ ပြန်မယ်၊ လယ်ပြန်လုပ်မယ်၊ အင်းသားအဖြစ်နဲ့ ခြေဖဝါးမှာ ရေဝဲစွဲတာ ငါမခံချင်ဘူး၊ လယ်သမားဖြစ်နဲ့ ခြေသလုံးမှာ တမန်းကြေးတက်တာ ငါခံချင်တယ်၊ ဒါပဲ။ နောက်ပြီး လူလေးကိုလည်း ကျောင်းလေးဘာလေး ဆက်ထားချင်တယ်ကွာ၊ ငါ့ကောင်က ဉာဏ်ကောင်းပါတယ်ကွာ၊ သေသေချာချာ စာသင်လိုက်ရရင် တကယ်တော်မယ့်ကောင် မစုရဲ့"

"ရှင့်သဘောပါ၊ ပြန်ချင်တယ်ဆိုလည်း ပြန်ပေါ့၊ ဒီက ကြီးတော်တို့ကတော့ ကုက္ကိုဝမှာပဲ ကျွန်မတို့ အခြေချရင်ချပေါ့၊ အင်းထဲမဆင်းချင်လို့ လယ်လုပ်ချင်ရင်လည်း သူတို့ မြေရှင်ဆီမှာ တစ်တုံးထွန်စာ လောက်တော့ ပြောပေးမယ်တဲ့။ လက်ထောက်ခရော သီးစားခရော မှန်မှန်ပေးပါ့မယ်လို့ သူတို့ ဝိုင်းအာမခံရင် ကျွန်မတို့အတွက် တစ်တုံး ထွန်စာမြေတော့ ရကောင်းပါရဲ့တဲ့၊ နောက်ပြီး နွားတစ်ရှဉ်းနဲ့ ထွန်တုံး ထွန်တံလေး ဘာလေးလည်း စပါးပေးငှားပေးမယ်လို့ ကျွန်မကို ပြောကြတယ်"

"အေးလေ၊ ဒါတော့ မင်းအမျိုးတွေက စောင့်ရှောက်ရမယ့် ဝတ္တရားအတိုင်း ပြောကြတာကိုး၊ သူတို့ကိုလည်း ဒုက္ခမပေးပါနဲ့တော့ကွာ၊ အခုလောက်လာပြီး သူတို့ဆီနေရတာတောင် လွန်လှပြီ၊ မိချောင်းရဲသာ ပြန်ကြပါစို့"

နောက်တစ်နေ့မှာပင် ကျွန်တော်တို့ သားအမိသုံးယောက် ဘော လယ်ကျွန်း ကုက္ကိုဝရွာမှနေ၍ မိချောင်းရဲရွာသို့ အထုပ်အပိုးကလေးတွေကို ပွေ့ပိုက်ကာ မယောင်မလည် ပြန်ခဲ့ကြသည်။

ကျယ်ဝန်းပြန့်ပြူးသော တိုးမြစ်၏ကမ်းပါး၌တည်ရှိသည့် မိချောင်းရဲရွာသည် ကျွန်တော်တို့ သားအမိသားအဖသုံးယောက်ကို

mgyoe.com

mgyoe.com


ရင်းနှီးဖော်ရွေစွာပင် ဆီးကြိုနေသလား ထင်ရသည်။ မိချောင်းရဲသည် ယခင်ကအတိုင်း တိတ်ဆိတ်ငြိမ်သက်စွာ တည်ရှိနေပါသေး၏။ ဆည်းလည်းပင်တွေ တစ်ဖက်တစ်ချက်တွင် တန်းစီ၍ပေါက်နေသော တာရိုးသည်လည်းကောင်း၊ မိချောင်းရဲနှင့် ထနီးတည်းဟူသော ရွာအမြွာကို စည်းခြားထားသည့် ချောင်းရိုးငယ်ကလေးသည်လည်းကောင်း၊ ဝါးရုံပင် စိမ်းစိုစိုများအကြားမှ နီစွေးစွေး ဟသ်ပဒါးရောင်သွပ်မိုးတွေ ပေါ်လောပေါ်နေသည့် ကျွန်းထိပ်ကျောင်းသည်လည်းကောင်း၊ ရွှင်သောနှလုံး၊ ပြုံးသောမျက်နှာ၊ ကြင်နာသောပီတိတို့ဖြင့် ကျွန်တော်တို့မိသားစုကို ခရီးဦးကြိုပြုလျက်ရှိသည်။

ဘဘနှင့်အမေသည် ကဲလားတွေချ၊ တံခါးတွေပိတ်ထားခဲ့သော မူလနေအိမ်ကိုပြန်ဖွင့်ကာ ရှင်းလင်းကြ၏။ ပစ္စည်းတွေကို နေသားတကျပြန်ထားကြ၏။ ထို့နောက် မြေရှင်သူဌေးထံမှ တစ်တုံးထွန်စာမြေကို ငှားကာ လယ်လုပ်ကြပြန်သည်။ ကျွန်တော့်ကိုလည်း အတန်းကျောင်းသို့ ပြန်တက်စေသည်။ ပထမတန်းအောင်ပြီးသူမို့ ဒုတိယတန်းက စနေရန် ဆရာကြီးက ခွင့်ပြုပါသည်။

ထိုနှစ်ကား ၁၉၃၇ ခုနှစ်တည်း။

ထိုနှစ်ကို ကျွန်တော် ကောင်းစွာမှတ်မိနေသည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့မိသားစု၏ဘဝတွင် ချမ်းသာမယောင်နှင့် အဆင်းရဲဆုံး၊ ပျော်ရွှင်ရမယောင်နှင့် ဝမ်းနည်း ပူဆွေးရဆုံးဖြစ်သော အတွေ့အကြုံတွေကိုသာ တစ်ခုပြီးတစ်ခု ဆက်တိုက်တွေ့ကြုံ ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဖြစ်ပါသည်။

ကျွန်တော့်အသက်လည်း ခုနစ်နှစ်တင်းတင်း ပြည့်ပါပြီ။ ခုနစ်နှစ်မျှသော ကျွန်တော်၏ လူ့ဘဝသက်တမ်းအတွင်း ကျွန်တော်တို့ မိသားစု၏ဘဝသည် လကွယ်ည၏ သန်းခေါင်ယံတွင် တောကြီးမျက်မည်း

mgyoe.com

mgyoe.com


အတွင်း လမ်းစပျောက်နေသူများပမာ ဆင်းရဲခြင်းအမိုက်တိုက်ကြီး၌သာ တဝဲလည်လည်နေခဲ့ရပေ၏။ လယ်လုပ်ရင်း၊ ထမင်းငတ်ရင်း၊ ကြွေးတင်ကျွန်ဖြစ်၊ လှော်ရင်းနစ်ခဲ့ရသောဘဝလည်း ဖြစ်ပါသေး၏။

သို့မို့ကြောင့်လည်း ဘဘနှင့်အမေသည် အရင်းအနှီး စိုက်ထုတ်၍ မလိုသော အင်းစာရင်းငှားဘဝသို့ ခေတ္တခဏ ကူးပြောင်းလျက် ငွေစကလေး စုဆောင်းကာ လယ်ယာလုပ်ငန်းခွင်သို့ ဓားမဦးချ ပြန်ဝင်လာခြင်းဖြစ်၏။ ဤအခါ၌ မျှော်လင့်စရာ၊ အားတက်စရာ အလင်းရောင်ကို ရေးတေးတေး တွေ့ရလေပြီဟု ထင်မိကြသည်။

သို့သော်...

တစ်ခါတစ်ရံ လူတွေ၏အဖြစ်သည် ထင်တိုင်းမဖြစ်၊ မထင်စေကာမူ ဖြစ်တတ်သော သဘောရှိလေသည်။ တစ်ခါတစ်ရံ လူ့ဘဝ၌ ပေါ်ပေါက်တတ်သည့် အခွင့်အရေးတို့မည်သည် မိုးသားတိမ်တိုက်များအကြားမှ လှစ်ခနဲ တောက်လင်းလိုက်သည့် လျှပ်ပန်းလျှပ်နွယ်များပမာ ခဏချင်းပေါ်၍ ခဏချင်းပျောက်ကွယ်သွားတတ်သည်။ မုန်တိုင်းအတိုက်တွင် ဝေ့ဝိုက်လွင့်ပါသွားသော မြူမှုန်များနှင့်လည်း ပမာတူလှချေ၏။

ဘဘ အဖမ်းခံရပါသည်။

ဤသို့ အဖမ်းမခံရမီက ဘဘသည် မြို့ကလာသော လူကြီးအချို့နှင့် မကြာခဏဆိုသလို ခေါင်းချင်းရိုက်ရင်း တီးတိုးပြောဆိုနေတတ်သည်။ ထိုလူတွေက ကျွန်းထိပ်ကျောင်း၌ တရားပွဲပြုလုပ်ရာ ဘဘကိုယ်တိုင်ကိုယ်ကျ ဤတရားပွဲတွင် လူကြီးအဖြစ် ဆောင်ရွက်လျက် ရွာသူရွာသားများကိုလည်း တက်ရောက်နားထောင်ရန် လိုက်လံနှိုးဆော်ခဲ့သည်။ ကျွန်တော်လည်း အဆိုပါ တရားပွဲသို့ သွားရောက်နားထောင်သည်။ ဘဘတွေဟောကြပြောကြသည်ကို လုံးစေ့ပတ်စေ့ နားမလည်

mgyoe.com

mgyoe.com


သော်လည်း တချို့တလေသော စကားလုံးများကိုကား ရိုးတိုးရိပ်တိပ် နားလည်လိုက်သည်။ လူ့ခွန်တော်မပေးရေး၊ စပါးဈေးတိုးမြှင့်ရေး၊ သီးစားခနွန်းထားပြင်ဆင်ရေး စသည့် အချက်တွေပါရှိကြောင်း ကျွန်တော်သိလိုက်ရသည်။

ထိုတရားပွဲပြီး၍ နှစ်ရက်ခန့်အကြာတွင် ဘဘကို ဖမ်းပါတော့ သည်။

ချောင်းရိုးအတွင်းမှ မော်တော်သံကြားရသည်။ မော်တော်သံကြား ရပြီဆိုလျှင် အရေးပိုင်၊ နယ်ပိုင် စသော အရာရှိကြီးတွေ ရောက်လာတတ် သည်။ ယခု ညကြီးမင်းကြီး မော်တော်သံကြားရသည်မှာ ပို၍ထူးဆန်း သည်ဟု တွေးနေကြခိုက် ဂေါ်ရာစာသင်ပုလိပ်အချို့ ကျွန်တော်တို့အိမ်သို့ ရောက်လာသည်။ သူကြီးလည်း အတူပါလာသည်။

"ကဲ... မပြောမပြီး မတီးမမြည်တဲ့ဟော့၊ မင်းကို ဖမ်းဖို့တဲ့ မောင် ကြိုင်"

ခရီးရောက်မဆိုက် သူကြီးက ပြောလိုက်၏။

ကျွန်တော့်ကို အမေက ဖက်ထားသည်။ အမေ့လက်တွေ တုန်နေ သည်။ အမေ့ရင်မှာလည်း တဒိတ်ဒိတ် ခုန်နေသည်။ ကျွန်တော်ကား အမေ့ပါးပြင်တွင်ကပ်ရင်း ဂေါ်ရာစာသင်ပုလိပ်ကြီးတွေကို မရဲတရဲ ကြည့် နေ၏။ အမွေးအမှင်ထူထပ်သော ခြေသလုံးကြီးများ၊ သူတို့ကိုင်ဆောင် လာသော သေနတ်များ၊ ရှည်လျားသည့် မုတ်ဆိတ်ကျင်စွယ်များ၊ ခက်ထန်တင်းမာသည့် မျက်နှာများ...။

"ကျုပ်ကို ဘာအပြစ်ရှိလို့ ဖမ်းမှာတဲ့တုံး"

ဘဘက ပြန်မေးလိုက်၏။ ဘဘ၏မျက်နှာသည် တင်းမာခက် ထန်နေ၏။

"ဘာကြောင့်ဆိုတာတော့ ငါ မသိဘူး မောင်ကြိုင်၊ ဖမ်းဖို့အမိန့်နဲ့

mgyoe.com

mgyoe.com


လာတယ်ဆိုလို့ ငါ လိုက်လာရတာ"

"ဒါတွေ မေးမနေနဲ့လေ၊ မင်းဘာသာ ရုံးတော်မှာရှင်းပေါ့၊ အခု တို့က ဖမ်းရမှာပဲ၊ ဟော့... ဒီတရားခံကို လက်ထိတ်ခတ်လိုက်"

ပုလိပ်အရာရှိက အော်ငေါက်၍ အမိန့်ပေးလိုက်ရာ အနီးရှိ ဂေါ်ရာ စာသင်ကြီးက ဘဘ၏လက်နှစ်ဖက်ကို ချုပ်ကိုင်ကာ လျင်မြန်စွာ လက် ထိတ်ခတ်လိုက်သည်။ ထိုအခါ အမေက ငိုပါတော့သည်။

"အေးပေါ့၊ ဖမ်းဆိုလည်း ဖမ်းပေါ့လေ၊ တစ်နေ့တော့ မင်းတို့နဲ့ တွေ့ကြသေးတာပေါ့ကွာ၊ တောက်"

ဘဘ၏ တောက်ခေါက်သံသည် တစ်အိမ်လုံးတွင် ပဲ့တင်ထပ် သွား၏။ တိတ်ဆိတ်လှသည့် ပတ်ဝန်းကျင်ကို ဖောက်ထွင်း၍ထွက်လာ သော တောက်ခေါက်သံသည် ကျွန်တော်တို့မိသားစု၏ ကံကြမ္မာအတွက် အတိတ်ဆိုး ပြလိုက်ခြင်းပေလော။

"မစု ငိုမနေနဲ့၊ ငိုနေလို့ ဘာမှ အကျိုးထူးမှာမဟုတ်ဘူး၊ မင်းတို့ သားအမိ ဖြစ်အောင်နေ၊ လူလေးကို ဂရုစိုက်ကွာ၊ ကျောင်းလည်းဆက် ထား၊ ငါ ဒါပဲမှာချင်တယ်၊ ငါ့အတွက် ဘာမှမလုပ်နဲ့၊ ပူလည်းမပူနဲ့၊ ကြားလား ငါမှာတာ"

ဘဘသည် ဂေါ်ရာစာသင်ပုလိပ်ကြီးများ၏နောက်သို့ လက်ထိတ် တန်းလန်းဖြင့် လိုက်ပါသွားရ၏။ ထိုအခါ၌ အမေက ကျွန်တော့်ကို ဖက်၍ ငိုပါသည်။ အမေ ငိုသောအခါ ကျွန်တော်ကလည်း ငိုရပါတော့ သည်။ ကျွန်တော်နှင့် အမေ၏ဘဝသည် တွယ်ရာမဲ့သော အမှိုက်ကင်း သော တောင်လဲရာ မြက်ပြတ်သောဘဝသာ ဖြစ်ပေ၏။ သို့မို့ကြောင့် လည်း အားပါးတရ ချုံးပွဲချ၍ ကျွန်တော်တို့သားအမိနှစ်ယောက် ငိုကြွေး ရန်မှအပ အခြားဘာမျှမတတ်နိုင်။

"အမေ ဘဘကို ဘာဖြစ်လို့ သူတို့က ဖမ်းတာလဲဟင်"

mgyoe.com

mgyoe.com


ကြောက်စိတ်မပြေသေးသော ကျွန်တော်က အမေ့ကို မေးပါသည်။ ဘဘကိုလာဖမ်းသော ဂေါ်ရာစသင်ပုလိပ်ကြီးတွေကို ကျွန်တော်ကြောက်လှပါ၏။ ဘဘကိုလာဖမ်းစကက အမေကသာ ဖက်မထားလျှင် ကျွန်တော်သည် သဘော်ကြမ်းပေါ်၌ဖြစ်စေ၊ သို့မဟုတ် မီးဖိုချောင်၌ဖြစ်စေ ပုန်းအောင်းနေမိမည်မှာ သေချာလှသည်။

"အမေလည်း မသိဘူး လူလေးရယ်"

"ဖမ်းတယ်ဆိုတာ ဘာလဲ အမေ"

"ဖမ်းတယ်ဆိုတာ ဟို..."

အမေက စကားထစ်နေ၏။ ကျွန်တော့်ကို ချော့သိပ်နေသော အမေ၏နဖူးပြင်တွင် အကြောတွေ ပြိုင်းပြိုင်းထလျက်ရှိသည်။ အမေကား ကျွန်တော်မေးသော မေးခွန်းကိုဖြေရန် ခက်နေသလော၊ သို့တည်းမဟုတ် မဖြေတတ်သလော ကျွန်တော်မသိပါ။

"ဖမ်းတယ်ဆိုတာ ဘာလဲ အမေရဲ့"

ကျွန်တော်က မကျေနပ်သည့်အတွက် ထပ်မေးလိုက်၏။

"ဖမ်းတယ်ဆိုတာ ထောင်ကျတာပေါ့ လူလေးရယ်၊ မင်းဘဘကို သူတို့က ခေါ်သွားပြီး ဘယ်မှမသွားရ မလာရအောင် ထောင်ကြီးထဲမှာ ထည့်ထားတာပေါ့"

"ထောင်ဆိုတာ ဘာလဲ အမေ"

"အင်း... ဟို... ထောင်ဆိုတာ လူတွေ ဘယ်မှမထွက်နိုင်အောင် ဖမ်းထား ချုပ်ထားတဲ့နေရာပေါ့"

"အဲဒီမှာ ဘဘကို သူတို့က ထားမယ်ပေါ့"

"ဟုတ်တယ်"

"ဘဘက ဘယ်လောက်ကြာအောင် နေရမှာလဲ အမေ၊ ကျွန်တော်တို့ဆီကို ဘဘ ဘယ်တော့ပြန်လာမလဲ"

mgyoe.com

mgyoe.com


အမေက ချက်ချင်း ပြန်မဖြေ။

"ဘဘ ဘယ်တော့ပြန်လာမလဲ အမေ"

ကျွန်တော်က ထပ်၍မေးလိုက်၏။ အမေသည် စိတ်ရှုပ်နေဟန်တူ၏။ လက်ငါးချောင်းကို ဆံပင်တွင်းသို့ လျှိုသွင်းကာ တဗျင်းဗျင်းမြည်အောင် ကုတ်၏။

"မသိဘူး လူလေး၊ အမေလည်း မသိဘူး၊ မင်းအိပ်မှာသာ အိပ်စမ်း"

အမေ၏လေသံမှာ တိုတောင်းလှ၏။ သို့မို့ကြောင့်လည်း ကျွန်တော်က မည်သို့မျှ ဆက်မမေးတော့ဘဲ ငြိမ်သက်နေမိသည်။ အမေက ကျွန်တော့်အား အခိပ္ပာယ်ဟူ၍ ရေရေရာရာမရှိသော သားချော့တေးကို ညည်းတွားကာ ချော့သိပ်ပါသည်။ ကျွန်တော်ကား မျက်လုံးအိမ်တွင် မျက်ရည်တွေအိုင်ရင်း အိပ်မောကျသွားလေ၏။

*

"ရန်ကုန် သွားကြမယ်"

"ရန်ကုန်ကို ဟုတ်လား၊ ဘဘသွားလုပ်မှာလဲ အမေ"

"လူလေး ကျောင်းနေရအောင်လေ"

အမေ၏အဖြေကို ကြားရသောအခါ ကျွန်တော် ဝမ်းသာမိရိုးမှန်ပါသည်။ အမှန်စင်စစ် ဘဘ ထောင်ခြောက်လကျသွားခဲ့ပြီဟု ကျွန်တော်ကြားရပြီးဖြစ်၏။ အဘယ့်ကြောင့် ထောင်ခြောက်လကျရသနည်း။ ဘဘသည် လယ်သီးစားဥပဒေ၊ စံတင်းတောင်းဥပဒေနှင့် ကြွေးမြီဥပဒေတွေကို ဆန့်ကျင်သောပြစ်ချက်များကြောင့် ထောင်ကျရခြင်းဖြစ်သည်ဆို၏။ ထိုဥပဒေတွေကို ကျွန်တော်နားမလည်ပါ။ ကျွန်တော်နားလည်ရသည်မှာကား ဘဘ ထောင်ကျရခြင်းနှင့် ကျွန်တော့်

mgyoe.com

mgyoe.com


နှင့်အမေတို့ မျက်စိသူငယ်ဖြင့် ဖြစ်နေရခြင်းသာတည်း။

အမေနှင့်ကျွန်တော်သည် ဘဘကို စတင် ဖမ်းဆီးသွားချိန်ကစ၍ မိချောင်းရဲ၌ ဆက်နေဖို့ကြိုးစားပါ၏။ ဘဘ၏လက်ငုတ်လက်ရင်း လယ်ကို အမေက ဆက်လုပ်သည်။ သို့ရာတွင် စာရင်းငှားမထားနိုင်၊ ငွေပိုငွေလျှံမသုံးနိုင်၊ စပါးပေးလည်း မပေးနိုင်သောအဖြစ်မို့ လယ်ကို စွန့်လွှတ်လိုက်ရသည်။ ထိုအခါ၌ တစ်ဝမ်းတစ်ခါးအတွက် ရှာကြံရာတွင် အားလျှော့လေ့လျှော့ထမရှိလှသော အမေသည် သင်ဖျာရက်ကာ ဝမ်းရေး အတွက် ကြိုးပမ်းပြန်၏။

မိချောင်းရဲရွာတစ်ဝိုက်တွင် သင်တောမထူပါ၊ သင်ပင်ဟူ၍လည်း မထွက်ပါ။ သင်ဖျာရက်သောအခါ ရက်လက်စ လူတွေထံမှ သင်ကိုယူ ကာ အငှားရက်ပေးရ၏။ သို့မို့ကြောင့် သင်ဖျာရက်ရသောလုပ်ငန်းမှာ တွက်ခြေမကိုက်လှ။ အမေသည် နီးကြောဖျာ အငှားရက်ရသည့်အလုပ် သည် မသက်သာလှကြောင်း ကျွန်တော် သိပါသည်။ ဓားသွားကဲ့သို့ ထက်လှသော နီးကြောတွေကို အကွက်ဖော်ကာ စေ့နေအောင် ပင်ပန်း တကြီး ရက်လုပ်ရခြင်းဖြစ်သည်။ ဤလုပ်ငန်းကလည်း သင်ဖျာကဲ့သို့ အကျိုးမရှိလှ။

နီးကြောဖျာက မဟန်သောအခါ အမေသည် မြှုံးအငှားလိုက်ရက် ပြန်သည်။ မြှုံးအစိပ်အကျဲ နှစ်မျိုးစလုံးမှာ အရက်ရခက်လှ၏။ ကျပ်ခိုး စင်ထက်တွင်တင်ကာ မီးပြထား၊ အပူပေးထားသည့်အတွက် မာတောင့် တောင့်ဖြစ်နေသော သေးသေးမျှင်မျှင် ဝါးချောင်းကလေးတွေကို အစိပ် အကျဲညီစွာ အကွက်ချလိုက်၊ ကြိမ်ကြိုးဖြင့် ရက်လုပ်သွားခြင်းဖြစ်၏။ သို့သော် ကိုင်စမရှိလျှင် နန်းဆွဲထားသော ကြိမ်ဖြစ်စေကာမူ လက်ချောင်း တွေ ပေါက်ပြဲလာတတ်သည်။ ထာဝစဉ် ခါးကုန်းထားရသည့်အတွက် မြှုံးတစ်လုံး၌ ကြိမ်ရက်ကြောင်းတစ်ကြောင်း ဖော်မိသမျှဖြင့် ခါးကို တော်

mgyoe.com

mgyoe.com


တော်နှင့် ဆန့်၍မရ။

အမေကား လယ်ကွက်ထဲ၌ တမန်းကြေးအတိပြီးသော နုန်းနှင့် ရုန်းနေနိုင်သူ၊ ခနွဲတံကို တစ်နေ့လုံးလုံးမြှောက်ကာ ကန်သင်းတစ်ဖက်မှ ရေကို တစ်ဖက်သို့ ကုန်စင်အောင်ထုတ်နိုင်သူ၊ စာခြောက်နိုင်သူ၊ စပါး ရိတ်နိုင်သူ၊ စပါးနယ်၊ စပါးလှေ့အရာ၌ မညည်းမညူ စွမ်းဆောင်နိုင် သူ ဖြစ်ပေ၏။ သို့ရာတွင် ဖျာရက်ရခြင်းအလုပ်၊ မြှူးရက်ရခြင်းအလုပ် ၌ကား အမေ့ခမျာ မကျွမ်းရှာချေ။

ယခုတော့ ရန်ကုန်သွားမည်ဟု အမေဆိုလေသည်။

ရန်ကုန်ဆိုသောအမည်ကို မကြာခဏဆိုသလို ကျွန်တော် ကြား ဖူးပေ၏။ ရန်ကုန်သည် အလွန်တရာ ခမ်းနားကြီးကျယ်သော မြို့ကြီး တစ်မြို့ဖြစ်ကြောင်း၊ တိုက်တာ အိမ်ရာကြီးတွေ၊ လမ်းကြီးလမ်းငယ်တွေ ပြွတ်သိပ်ပြွမ်းတီးသော မြို့ဖြစ်ကြောင်း တစ်ဆင့်စကား တစ်ဆင့်နား ဆိုသလို ကျွန်တော် ကြားခဲ့ဖူးပါသည်။ သို့ရာတွင် အမေက ရန်ကုန်သွား မည်ဆိုသောအခါ ဘာသွားလုပ်မည်နည်း၊ ဘာကြောင့်သွားမည်နည်း၊ ဘယ်သူရှိသနည်း စသည့် မေးခွန်းပေါင်းစုံတို့မှာ ကျွန်တော့် ဦးနှောက် တွင်းသို့ ထိုးဖောက်ဝင်ရောက်လာပါတော့သည်။

"ရန်ကုန်ကို ဘာသွားလုပ်မှာလဲ အမေ"

မရှင်းမလင်းဖြစ်နေသော ကျွန်တော်က အမေ့ကို ထပ်မေးလိုက် သည်။

"လူလေး ကျောင်းနေရအောင်လို့ အမေပြောပြီးပြီပဲ၊ လူလေး ဘဘ ကလည်း သေသေချာချာမှာသွားတယ်လေ၊ ရန်ကုန်ရောက်တော့ လူလေး ကျောင်းနေရမယ်"

ရန်ကုန်တွင် ကျောင်းနေရမည်ဆိုသည့်အတွက် ကျွန်တော် ဝမ်း သာလှပါသည်။ ထိုညက တစ်ညလုံးလိုလို အမေ မအိပ်၊ ပစ္စည်းပစ္စယ

mgyoe.com

mgyoe.com


ကလေးတွေကို တချွတ်ချွတ် စုစည်းသိမ်းဆည်းနေသည်ကိုသာ တွေ့ရပါသည်။

နောက်တစ်နေ့ ဝေလီဝေလင်းအချိန်တွင် မိချောင်းရဲရွာသို့ ပထမဆုံး ဆိုက်ကပ်သော ဇရာဝတီမီးသင်္ဘောဖြင့် ကျွန်တော်တို့ သားအမိနှစ်ယောက် ရန်ကုန်သို့ လိုက်ပါလာခဲ့ကြသည်။

"ရန်ကုန်မှာ ဘယ်သူရှိသလဲ အမေ"

အမေးအမြန်း အစောအကြောထူလှသော ကျွန်တော်က သင်္ဘောပေါ်တွင် အမေ့အား သို့ကလိုမေးမိပြန်သည်။ အမေက နို့ဆီခွက်အလွတ်တွင် ဆေးပေါ့လိပ်ကိုစွပ်ကာ ဖွာရှူရင်း အဝေးဆီသို့သာ ငေးနေ၏။ အမေ၏မျက်နှာမှာ ညှိုးငယ်နေ၏။ အယ်လ်ဂျင်ဗန်းမော် တဘက်ကို ခေါင်းတွင် ရစ်ပတ်ထားသော အမေသည် အလွန်တရာ ခက်ခဲလှသည့် လုပ်ငန်းကြီးတစ်ရပ်ကို လုပ်ရအံ့ဆဲဆဲ ချီတုံချတုံဖြစ်နေသူပမာလေးလေးနက်နက် စဉ်းစားနေဟန်တူ၏။

"ဟိုမှာ အမေ့အမျိုးတွေရှိပါတယ် လူလေးရယ်၊ အမေတို့သားအမိကိုတွေ့ရင် သူတို့ သိပ်ဝမ်းသာကြမှာပါ၊ လူလေးရဲ့ကြီးတော်တွေပေါ့"

ကျွန်တော်က ဆက်မမေးတော့ဘဲ ငြိမ်နေလိုက်ပါသည်။ ကမ်းဘေးတစ်ဖက်တစ်ချက်မှ ထူပြောလှသည့် သစ်ကြီးဝါးကြီးတွေ၊ ရွာစဉ်တွေကိုသာ အငေးသားကြည့်ရင်း တိတ်ဆိတ်ငြိမ်သက်စွာ လိုက်ပါလာခဲ့သည်။

ရန်ကုန်သည် ကြားသာကြားဖူးသော်လည်း တစ်ကြိမ်တစ်ခါမျှ မရောက်ခဲ့ဖူးသော မြို့ဖြစ်သဖြင့် အကြည့်ရစိမ်းလှ၏။ မီးခိုးတွေ၊ ကားကြီးကားငယ်တွေ၊ လူတွေ၊ တိုက်ကြီးတာကြီးတွေ ကျယ်ဝန်းရှုပ်ထွေးသော လမ်းမကြီးတွေက ကျွန်တော့်ကို ခြောက်လှန့်လျက်ရှိသည်။

mgyoe.com

mgyoe.com


မိချောင်းရဲမှာလို တိတ်ဆိတ်၍မနေ၊ အသံဗလံပေါင်းစုံဖြင့် ဆူညံလျက်ရှိသည်။ ရန်ကုန်ကိုကြည့်ရသည်မှာ ကျွန်တော့်အဖို့ ပင်ပန်းလွန်းလှသည်။ ကျွန်တော့်အတွက် ရန်ကုန်သည် ခမ်းနားလွန်းလှ၏။ အရာရာမှာ အထူးအဆန်းချည်းသာ ဖြစ်နေသည်။ နွားခြေရာခွက်အတွင်းမှ ဖြုတ်ငယ်တစ်ကောင်က အပြင်လောကကြီးကို လှမ်းတွေ့ရသည့်ပမာ အတိုင်းအဆမရှိ ကြီးမားကျယ်ပြန့်သော ရန်ကုန်ကို ကျွန်တော် ကြောက်ရွံ့နေမိပါသည်။

ရန်ကုန်တွင် အမေက ကျွန်တော့်အား ဆူးလေဘုရားရှိ ပန်းဆိုင်တစ်ဆိုင်သို့သာ ခေါ်ဆောင်သွားပါသည်။ အိမ်တွေ၊ တိုက်ကြီးတာကြီးတွေ မှိုလိုပေါက်နေသော ရန်ကုန်မြို့ကြီး၌ အမေနှင့် ကျွန်တော်တို့အတွက် နေစရာ၊ တည်းခိုစရာမရှိ။ ဆူးလေစေတီတော်၏ ရင်ပြင်ထက်မှ ပန်းဆိုင်တစ်ဆိုင်၏ အခန်းငယ်ကလေးတွင်သာ လာရောက်တည်းခိုနေသော အမေနှင့် ကျွန်တော့်အဖြစ်ကိုတွေးမိတိုင်း မကျေမနပ် မချင့်မရဲဖြစ်ရပါတော့သည်။

"သူ့အဖေက မအူပင်ကို ပြန်လာပို့လှည့်ဆိုပြီး လူကြုံနဲ့မှာတာနဲ့ ကျွန်မလည်း သူ့ကိုခေါ်ပြီး ဒီထွက်လာတာပါ မမလှိုင်"

မမလှိုင်သည် ပန်းဆိုင်ပိုင်ရှင်ဖြစ်၏။ အမေကပြောသော သူ့အစ်မဆိုသူပင်ဖြစ်ရမည်ဟု ကျွန်တော် တွေးမိပါသည်။ အမေနှင့် ဘယ်နည်းဘယ်ပုံ ညီအစ်မတော်သနည်း။ ညီအစ်မအရင်းလော၊ ဝမ်းကွဲလော ဆိုသည်ကို ကျွန်တော် စဉ်းစား၍မရ၊ သိလည်းမသိ။

သဘော်ာမူးလာသဖြင့် ဆိုင်ခန်းတံခါးကွယ်တွင် မှိန်းနေသော ကျွန်တော့်အား အမေက အိပ်ပျော်နေသည်ထင်၍လားမသိ၊ ပန်းတွေချထားသည့် အပြင်ဘက်ဆိုင်ရှေ့တွင် ပန်းဆိုင်ရှင် အဒေါ်ကြီးနှင့် စကားလက်ဆုံကျနေလေ၏။ ကျွန်တော် အိပ်ပျော်နေပြီအထင်ရောက်၍ အမေ

mgyoe.com

mgyoe.com


က အမှတ်မထင် ပြောလိုက်သည့်စကားကို ကြားရသောအခါ ကျွန်တော့် ရင်တွင်း၌ အမျိုးအမည် မခွဲခြားနိုင်သည့် ဝေဒနာတွေ ပေါ်လာရပြန်သည်။

"မစုရယ်၊ ညည်းဒုက္ခကလည်း ကြီးလှပါဘိသနဲ့ဟယ်၊ ဒီကလေး အတွက် ညည်း ဒါလောက် သံယောဇဉ် ကြီးနေရသလား၊ မောင်ကြိုင် ထောင်တန်းကျနေတယ်ဆိုတော့ မောင်ဆိုင်ကလည်း သူ့သားလေး ဒုက္ခ ရောက်ရချေရဲ့ဆိုပြီး မအူပင်မှာ ပြန်ခေါ်ထားချင်ရှာမှာပေါ့ဟဲ့၊ ဒါလည်း စဉ်းစားကြည့်ဦး"

"ဒါတော့ မှန်ပါတယ် မမလှိုင်၊ နို့ပေမဲ့ လူလေးကို ကျွန်မ ဆိတ်နို့ တိုက်ပြီး မွေးလာရတာပါ မမလှိုင်ရယ်၊ လူလေးဟာ ကျွန်မဝမ်းကထွက် တဲ့ သားအရင်းလို ဖြစ်နေပြီ၊ ကျွန်မ ဘယ်နည်းနဲ့မှ မခွဲနိုင်တော့ဘူး။ ဟိုတုန်းကတည်းက သူ့မိဘတွေဆီ ပြန်ပေးနိုင်ခဲ့ရင်လည်း ဒီလောက် သံယောဇဉ်ကြီးချင်မှကြီးမှာ၊ အခုတော့ ကျွန်မ ဒီကလေးကို သံယောဇဉ် မဖြတ်နိုင်တော့ဘူး မမလှိုင်"

"အေးလေ၊ ဒါကတော့ ညည်းအဖြစ်နဲ့ညည်းပဲ"

"ဟုတ်ပါတယ် မမလှိုင်၊ မအူပင်ကိုပြန်ပို့ပေးလို့ ကိုဆိုင်က မှာတာနဲ့တစ်ပြိုင်နက် ဘာလုပ်ရမှန်းမသိဘူး၊ ကြံရာမရတဲ့အဆုံး ရန်ကုန် ကို ကျွန်မ ထွက်လာတာပဲ၊ ကိုကြိုင် ထောင်ကလွတ်လာမှ သူနဲ့တိုင်ပင် ပြီး ပြန်ပို့သင့်ရင်လည်း ပို့ရတော့မှာပေါ့၊ ကျွန်မက မွေးထားရပေမဲ့ ကျွန်မမှ မပိုင်ဘဲကိုး"

"ဒါတော့လည်း ဒါပေါ့ မစုရယ်၊ ငါ့ဆီမှာတော့ ညည်း ဘာမှ အားနာစရာမလိုဘူး၊ ကြိုက်သလောက်သာနေ၊ စိတ်ပြေလက်ပျောက် ပေါ့အေ၊ ငါက တစ်ယောက်တည်းသမားဆိုတော့ ညည်းတို့သားအမိရှိ ရင် အဖော်တောင်ရသေးတယ်"

mgyoe.com

mgyoe.com


အမေနှင့် ကြီးဒေါ်မလှိုင်တို့၏ စကားသံတိတ်သွားသည်။ ကျွန်တော်က မျက်စိစုံမှိတ်ရင်း နားစွင့်နေမိပြန်သည်။ မိချောင်းရဲရွာ၏ မြစ်ကမ်းစပ် သဲသောင်ခုံ၌လည်းကောင်း၊ ကျယ်ဝန်းပြန့်ပြူးသော လယ်ကွင်းပြင်များ၌လည်းကောင်း နှစ်ကာလရှည်ကြာစွာ ကျွန်တော် အဖြေရှာမရခဲ့သည့် မေးခွန်းပုစ္ဆာအဖြေကို ဆူးလေစေတီတော်၏ ရင်ပြင်ထက်၌ ယခု ရှာဖွေတွေ့ရှိနေလေပြီ။

"ငါ့ဟာ ဘဘနဲ့ အမေရဲ့သားအရင်း မဟုတ်ပါလား"

ဤအသိသည် ကျွန်တော်၏ နုနယ်ငယ်ရွယ်သော ဦးနှောက်ကို မညှာမတာ ရိုက်တည်းထုနှက်လျက်ရှိပါတော့သည်။ ဘဘနှင့်အမေ၏ သားအရင်းမဟုတ်ကြောင်း သိရသည့်အတွက် ဝမ်းနည်းသလိုဖြစ်ရသော်လည်း မအူပင်မှ ကြေးရတတ်မိဘရင်း၏ သားဖြစ်ရသည်ဆိုသည့်အတွက်လည်း ဝမ်းမြောက်ဝမ်းသာ မဖြစ်မိကြောင်း ကျွန်တော့်ကိုယ်ကျွန်တော် သိပါသည်။

မလှိုင်၏စကားသံကို ကြားရပြန်၏။

"ဒီကလေးက ကြားထဲက အလကား ဆင်းဆင်းရဲရဲဖြစ်နေရတယ် မစုရယ်၊ မအူပင်မှာပြန်နေရင် မောင်ဆိုင်တို့က ကျောင်းလေး ဘာလေး ထားမှာ သေချာတယ်။ အခုတော့ ညည်းက သံယောဇဉ်မဖြတ်နိုင်လို့ ပြန်မပို့ဘဲထားတာက ကိစ္စမရှိဘူး။ ဒီကလေးမှာ ကျောင်းလေး ဘာလေး ဖြောင့်ဖြောင့်တန်းတန်း မနေရတာ အရေးကြီးတယ်"

"ကျွန်မလည်း ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ပါဘူး မမလှိုင်၊ ကျွန်မ စိတ်တွေဟုန်နေပြီ"

"အေး... ဒါဖြင့် ငါ တစ်ခု ပြောပြမယ်၊ ဝေဠုဝန်ကျောင်းကိုသွား၊ ဟိုမှာ ငါ့တူ ကိုရင်ကြီးနီတွတ်ရှိတယ်၊ နီတွတ်ကြီး ကိုရင်ဝတ်နေတာ ကြာပြီ၊ သူ့ဆီသွားပြီး စာလေးဘာလေး သင်ခိုင်းတာပေါ့၊ ဘယ့်နှယ်လဲ"

mgyoe.com

mgyoe.com


"လုပ်ပါလေ၊ မလှိုင် သဘောပါပဲ၊ ကျွန်မအဖို့ရာတော့ ရန်ကုန်မှာ မမလှိုင်ကလွဲရင် အားကိုးစရာမရှိဘူး"

ထိုညက ကျွန်တော် အိပ်မပျော်ပါ။

ပန်းဆိုင်အစွန်တွင်ထိုင်ရင်း မီးရောင်တွေ တောက်ပဝင်းလက်နေသည့် ဆူးလေဘုရားလမ်းမကြီးကိုသာ ငေးမျှော်နေမိသည်။ ထရော်လီဘတ်စ်ကြီးများနှင့် ကားများ ဥဒဟို သွားလာနေကြဆဲဖြစ်သော ဝင်းပသည့် ရန်ကုန်မြို့၏လမ်းမကြီးသည် ကျေးတောသားသက်သက်မျှဖြစ်သည့် အနုဉာတ ကျွန်တော့်ကို ထာဝစဉ် မာန်ဖီသောအကြည့်ဖြင့် ကြည့်နေလေသလော၊ မျက်ကွယ်ပြု မမြင်ဟန်ပြုကာ အရေးမစိုက်ဘဲနေလေသလောဟု တွေးမိပါ၏။ ကျွန်တော့်ရင်တွင်း၌လည်း ရှုပ်ထွေးရီဝေလျက်ရှိသည်။ သောကပေါင်းစုံ၊ ဝေဒနာမျိုးစုံနှင့် အတွေးအဖုံဖုံတို့က ကျွန်တော့်တစ်ကိုယ်လုံးကို ချုပ်နှောင်ဖမ်းစားထားသည်။

မှောင်ရိပ်ခိုရင်း အမေ မမြင်အောင် ကျွန်တော် ငိုမိသည်။

သည်လိုနှင့်ပင် ကျွန်တော်သည် ကုက္ကိုင်းဘက်ရှိဝေဠုဝန်ကျောင်းတိုက်သို့ ရောက်ခဲ့ရ၏။ ကိုရင်နီတွတ်၏ကောင်းမှုကြောင့် ကျွန်တော်သည် ဝေဠုဝန်ဘုန်းကြီးကျောင်းသား ဖြစ်လာရ၏။ စာအံရသည်။ ဝေယျာဝစ္စတွေ လုပ်ပေးရသည်။ ကျောင်းမှာအိပ်၍ ကျောင်းထမင်းကိုပင် စားရသည်။ ထမင်းဝိုင်းတွင် ဟင်းခွက်အနိုက်နှေးသဖြင့် အမြဲတမ်းလိုလို ဟင်းမရသော ကျွန်တော့်အတွက် ကိုရင်နီတွတ်က ကိုယ်တိုင်ကိုယ်ကျ စောင့်ကြပ်ကာ လက်မြန်ခြေမြန်နိုင်လှသော ဘုန်းကြီးကျောင်းသားအကြားမှ ဟင်းထည့်ပေးရင်း ကျွေးမွေးတတ်သည်။

အမေကား ဆူးလေဘုရားပန်းဆိုင်နှင့် ဝေဠုဝန်ကျောင်းကို ကူးချည်သန်းချည်လုပ်ရင်း ရန်ကုန်မြေ၌ တွယ်ကပ်နေလေ၏။ ကျွန်တော့်အဖို့ရာ၌လည်း ကုက္ကိုင်းဝေဠုဝန်ကျောင်း၏ အရိပ်အာဝါသမှအပ အခြား

mgyoe.com

mgyoe.com


နားနေစရာ နေရာမရှိ။

(၃)

"ရော့... လူလေး၊ ဟောဒီ ချစ်တီးလုံချည်လေးဝတ်၊ အဲ...ဟုတ်ပြီ၊ ဒီနေ့ မအူပင်က မင်းဘကြီး ဦးဆိုင်လာလိမ့်မယ်၊ ကျောင်းနေရတယ်၊ စာတွေတတ်ပြီလို့ပြောနော်၊ မအူပင်ကိုပြန်လိုက်မလားမေးရင် မလိုက်ချင်ဘူးလို့ပြော၊ ကြားလား"

အဘယ်ကြောင့်ဟူ၍မသိ၊ အမေက ဝေဠုဝန်ကျောင်းသို့ ရေးကြီးသုတ်ပျာ ရောက်လာကာ ဆူးလေဘုရားပန်းဆိုင်သို့ ကျွန်တော့်ကိုခေါ်ခဲ့သည်။ ပန်းဆိုင်ကိုရောက်ရောက်ချင်း ရေမိုးချိုးစေကာ ကောင်းပေ့ဆိုသည့် အဝတ်အစားတွေ ဝတ်ဆင်ပေးရင်း အထက်ပါအတိုင်း ပြောဆိုနေခြင်းဖြစ်သည်။

ဘကြီးဦးဆိုင်မှာ မအူပင်မှ ကျွန်တော့်ဖခင်အရင်းဖြစ်ကြောင်း ကျွန်တော် နားလည်ထားပါသည်။ တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသော ဦးဆိုင်ဆိုသည့် လူကြီး၏ရုပ်သွင်သဏ္ဌာန်ကို မှန်းဆကြည့်မိသည်။ ကြောက်စရာလော၊ ချစ်စရာလော၊ ဘဘလို စိတ်သဘောထား နူးညံ့သူလော၊ မည်သို့ပင်ဖြစ်စေကာမူ အမေကတော့ ကျွန်တော့်ကို ကြော့ကြော့မော့မော့ အဝတ်အစားဆင်ယင်နေ၏။

နံနက် ၁၀ နာရီခွဲခန့်တွင် ဘကြီးဦးဆိုင် ရောက်လာသည်။ ဘဘနှင့် ရုပ်ချင်းတထေရာတည်းတူနေသော ဦးဆိုင်ဆိုသူကို ကျွန်တော်က မရဲတရဲ အကဲခတ်ပါသည်။ ပိုးခေါင်းပေါင်းစ တလူလူလွင့်နေသည့် ဦးဆိုင်မှာ ဘဘထက် ပို၍ဝဖြိုးကာ အသားဖြူသည်။ သက္ကလတ်တိုက်ပုံရင်ဖုံးတွင် ငွေနာရီကြိုးဆွဲထားသည်။ ကြီးတော်မလှိုင်နှင့် အမေသည် ကုပ်ကုပ်ကလေးထိုင်နေကြ၏။ ကျွန်တော်ကား ဤဝန်းကျင်မှ ထွက်ပြေး

mgyoe.com

mgyoe.com


ချင်စိတ်ပေါက်လောက်အောင် အနေကျုံ့နေရလေ၏။

"မစုရယ် နင့်ဒုက္ခ နင်ရှာနေတာဟ၊ ဒီလို မလှိုင်ဆီရောက်နေတာ သိရရင် ငါ စိတ်အေးတာပေါ့၊ အခုဟာက တစ်ခါတည်း ရွာထဲကနေပြီး ဗြုန်းခနဲ ပျောက်သွားတယ်ဆိုတော့ ဘောလယ်ကျွန်းဘက်များ ပြန်သွားတာလား၊ ဘုရားချောင်းဘက်များ တက်သွားသလား၊ ဒီကလေးနဲ့ ဒုက္ခရောက်နေတော့မှာပဲဆိုပြီး ငါ့မှာ ပူလိုက်ရတာ၊ နင် ဒီလိုလုပ်ဖို့ မကောင်းဘူး"

ဦးဆိုင် ဆူပူကြိမ်းမောင်းနေ၏။ အမေကား ငြိမ်နေလေသည်။

"ဟော့... ငါ့သား၊ ဒီနားလာစမ်း"

ကျွန်တော့်တစ်ကိုယ်လုံး တုန်သွားသည်။ အဖေအရင်းဟုဆိုသော ဦးဆိုင်က ကျွန်တော့်ကို ခေါ်နေလေပြီ။

ကျွန်တော်သည် ထိုးထိုးထောင်ထောင်ဖြစ်နေသည့် ချစ်တီးပုဆိုးကို ဒူးနှစ်ဖက်အကြားသို့ ထိုးသိပ်သွင်းကာ ဦးဆိုင်၏အပါးသို့ တိုးကပ်လာခဲ့၏။

"မင်း ကျောင်းနေရရဲ့လား"

"ဟုတ်ကဲ့"

"ဘာစာတွေ ဖတ်ရသလဲ"

"ဟို... ဟို... ပရိတ်ကြီးနဲ့ လောကနီတိ"

ကျွန်တော်က ထစ်ထစ်ငေါ့ငေါ့ ဖြေလိုက်၏။ ကျွန်တော့်ခြေတွေ လက်တွေမှာ တဆတ်ဆတ် တုန်နေသည်။ ရင်တွင်း၌လည်း အစာရေစာ ခေါင်းပါးငတ်မွတ်သဖြင့် ဆာလောင်နေသူပမာ တုန်ယင်လှုပ်ရှားလျက်ရှိသည်။

"မင်း အင်္ဂလိပ်စာ မသင်ချင်ဘူးလား၊ အင်္ဂလိပ်ကျောင်း မနေချင်ဘူးလား"

mgyoe.com

mgyoe.com


"နေချင်ပါတယ်"

"အေး... ဟုတ်ပြီ၊ မင်း ဉာဏ်ကောင်းမယ့်ကောင်ပဲကွ၊ အင်္ဂလိပ်စာ သင်လိုက်ရင် ခဏလေးတတ်မှာ၊ နို့... ဒါထက် နေပါဦး၊ မစုနဲ့နေရတာ ပျော်ရဲ့လား"

"ဟုတ်ကဲ့၊ ပျော်တယ်"

"ငါ့သားက မအူပင်ကို ပြန်မလိုက်ချင်ဘူးလား၊ ဟိုမှာ မင်းအစ်ကိုတွေ၊ ညီ၊ ညီမတွေ ရှိတယ်၊ တိုက်နဲ့နေရမယ်၊ အင်္ဂလိပ်ကျောင်းတက်ရမယ်၊ ဘယ့်နှယ်လဲ ပြန်လိုက်မလား"

ကျွန်တော်က ဤမေးခွန်းကိုမဖြေမိ အမေ့ဆီသို့လှမ်းကြည့်သည်။ အမေကား ပန်းဆိုင်၏အခန်းထောင့်တွင်ထိုင်ကာ မပွင့်တပွင့် ပြုံးနေလေ၏။ အမေ့အပြုံးသည် ဝမ်းမြောက်ကြည်နူးသော စိတ်စေတသိက်က ပေါက်ဖွားလာသည့် အပြုံးမျိုးမဟုတ်။ ကြေကွဲသောအပြုံး၊ ညှိုးလျသော အပြုံး၊ ရင်တွင်းမှ လှုပ်ရှားမှုကိုဖော်ကျူးသော အပြုံး။

ကျွန်တော် ဖြေရပါတော့မည်။

ကျွန်တော့်အဖြေကို အမေသည် ညှိုးလျသောအပြုံးဖြင့် စောင့်မျှော်နေကြောင်း ကျွန်တော် ရိပ်စားမိပါ၏။ ကျွန်တော့်အဖြေသည် ကျွန်တော့်ဘဝတစ်ခုလုံးအတွက် သေရေးရှင်ရေးဖြစ်သလို အမေ့ဘဝ၊ အမေ့မျှော်လင့်ချက်၊ အမေ့အားမာန်၊ အမေ့အသက်အတွက်လည်း အဆုံးအဖြတ်ပေးမည့် အဖြေမျိုးဖြစ်ရပါတော့မည်။

ကျောင်းကောင်းကောင်းနေရမည်ဆိုသဖြင့် ကျွန်တော် ကျေနပ်လှပါ၏။ တိုက်နှင့်တာနှင့် နေရမည်ဆိုသည့်အတွက်လည်း ကျွန်တော်နေချင်လှပါ၏။ ညီအစ်ကို မောင်နှမရှိချင်စမ်းပါဘိဟု အထီးကျန်ခိုင်လှသော ကျွန်တော့်ဘဝကို မကျေနပ်တိုင်း စိတ်ကူးပေါ်လာတတ်စမြဲမို့ ညီအစ်ကို မောင်နှမတစ်တွေနှင့် အတူနေရမည်ဆိုသောကြောင့်လည်း

mgyoe.com

mgyoe.com


ကြည့်နူးမိပါ၏။

"ဘယ့်နှယ်လဲ၊ မအူပင်ကို ပြန်လိုက်မယ် မဟုတ်လား"

ကျွန်တော် ဖြေရပါတော့မည်။

"ပြောလိုက်လေ လူလေး"

ကြီးတော် မလှိုင်က ဝင်ထောက်ပေးပါသည်။ အမေကတော့ ဘာမျှမပြောဘဲ ရီဝေသောအကြည့်ဖြင့် ကျွန်တော့်ဆီသို့ လှမ်းကြည့်နေသည်။

"ကျွန်တော် မလိုက်ချင်ဘူး"

ကျွန်တော်က တစ်လုံးချင်း အဖြေပေးလိုက်၏။ ဦးဆိုင်က ပြုံးသည်။ သို့ရာတွင် သူ့အပြုံးသည် ဒေါသထွက်သော၊ မကျေမချမ်းနိုင်လှသော အပြုံးမျိုးပေတည်း။

"ဘာလဲ၊ မင်းကို မစုက ဒီအတိုင်းသင်ထားသလား"

ကျွန်တော်က ခေါင်းခါလိုက်၏။

"အလကား ကလေးကို အတင်းအဓမ္မ လျှောက်သင်ထားတယ်။ နင်ဒုက္ခရောက်တာ အရေးမကြီးဘူး မစု၊ ကလေးပါ ဒုက္ခရောက်နေရတယ်ဆိုတာ နင် စဉ်းစားမိရဲ့လားဟင်"

ဦးဆိုင်၏အသံသည် ပန်းဆိုင်အခန်းငယ်အတွင်း ကျားဟိန်းသလို မြည်ဟည်းနေ၏။ အမေကား မျက်စိအစုံ၌ သီးစက်နေသည့် မျက်ရည်စတွေကို အင်္ကျီလက်ဖြင့် သုတ်ဖယ်နေလေ၏။

"ကျွန်မ သင်မပေးပါဘူး ကိုဆိုင်"

"ဘာမသင်ပေးရမလဲ၊ မသင်ပေးဘဲနဲ့ ဒီကလေးက ဒီလောက် ခါးခါးသီးသီး ငြင်းမလား၊ နင့်လုပ်ပုံတွေ တစ်ခုမှ အသုံးမကျဘူး၊ ကဲ... ဟော့ကောင် မင်း ငါနဲ့လိုက်ခဲ့၊ ရှုပ်တယ်၊ ဒီနေ့ အမြန်နဲ့ပြန်မယ်"

"ဟင့်အင်း၊ ကျွန်တော် မလိုက်ဘူး၊ အမေနဲ့ပဲနေမယ်"

mgyoe.com

mgyoe.com


ကျွန်တော်က လျင်မြန်စွာထကာ အမေ့အနားတွင် သွားထိုင်နေလိုက်သည်။ အမေငိုတာကိုတွေ့ရသောကြောင့် ကျွန်တော်လည်း ငိုမိသည်။

"ဖြည်းဖြည်းတော့ နားချပြီး ပြောသေးတာပေါ့ မောင်ဆိုင်၊ မင်းက အတင်းခေါ်သွားလို့ ကလေး စိတ်ထိခိုက်နေရင်လည်း မကောင်းပါဘူး၊ ငါလည်း ကြည့်ပြောပါဦးမယ်၊ အခု မောင်ကြိုင်လွတ်ရက်လည်း နီးနေပြီဥစ္စာ၊ မင်း ပြန်ရင်သာ ပြန်သွားတော့၊ အတင်းအဓမ္မတော့ ခေါ်မသွားနဲ့"

ကြီးတော် မလှိုင်က ဝင်ရောက်ဖျန်ဖြေသည်။ ဦးဆိုင်ကလည်း ဘာမှဆက်မပြောဘဲ ငိုင်နေ၏။ အတန်ကြာမှ နှုတ်ဆက်ကာ ထပြန်သွားသည်။

"လူလေးရယ်၊ အမေ ဝမ်းသာလိုက်တာ၊ လူလေးက ပြန်မလိုက်ဘူးနော်၊ အမေနဲ့နေမယ်နော်"

အမေက သို့ကလိုပြောကာ ကျွန်တော့်နဖူးကိုနမ်းရင်း ကျွန်တော့်ကိုပွေ့ဖက်ထားသည်။ မျက်ရည်စိုရွှဲနေသော ပါးပြင်နှင့် ကျွန်တော့်နဖူးကို ကပ်ထားသည်။ အမေ့ရင်တွင်း၌ အလုံးကြီး ကျသွားလေပြီ။ ကျွန်တော်တို့သားအမိအဖြစ်ကိုကြည့်ရင်း ကြီးတော်မလှိုင်ကလည်း ဝမ်းသာ ကြည်နူးနေသည်။

ကျွန်တော့်အဖေအရင်းဖြစ်သည်ဆိုသော ဦးဆိုင်က ကျွန်တော့်အပေါ်၌ မည်သို့မျှမဖြစ်သော်လည်း အမေ့ကိုမူ တော်တော်ဒေါသဖြစ်သွားဟန်တူပေ၏။ သို့မို့ကြောင့်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမှ နှုတ်မဆက်ဘဲ ပြန်သွားခြင်းဖြစ်တန်ရာသည်။

"အမေရယ် မငိုပါနဲ့တော့"

ကျွန်တော်က အမေ့ကို ဖြေသိမ့်လိုက်မိသည်။

အမေကား မျက်ရည်တွေကို သုတ်နေပြန်သည်။ ကြောက်ခြင်း၊

mgyoe.com

mgyoe.com


ဝမ်းနည်းခြင်း၊ ကြည်နူးခြင်းတည်းဟူသော အမေ့ရင်တွင်းက ဝေဒနာတွေကြောင့် ပေါ်ထွက်လာရသည့် မျက်ရည်များကို သိမ်းသပ်ပေးနိုင်ခဲ့သည့်အတွက် ကျွန်တော် ကျေနပ်နေမိပါတော့သည်။

အဘယ့်ကြောင့်ဟူ၍မသိ၊ မအူပင်သို့ ကျွန်တော် မလိုက်ချင်၊ အမေနှင့်သာနေချင်သည်။ ဦးဆိုင်၏ရှေ့မှောက်တွင် မျက်ရည်လည်ရွှဲဖြစ်နေသော အမေ့မျက်နှာက ကျွန်တော့်ကို အသနားခံနေသယောင်ထင်မိသည်။ အမေနှင့်ကျွန်တော် ခွဲခွာ၍မဖြစ်ပါ။ အမေ့ကို ကျွန်တော်ခွဲခွာမထားနိုင်ပါ။ အမေနှင့်သာ အတူနေပါတော့မည်။

(၄)

ဘဘ ထောင်ကလွတ်လာသောအခါတွင် ကျွန်တော်တို့သားအမိမိချောင်းရဲသို့ ပြန်လာခဲ့၏။

အမေနှင့်ဘဘ ပိတ်ထားခဲ့သော အိမ်ကလေးကိုပြန်ဖွင့်ကာ ရှင်းလင်းလှည်းကျင်းကြပြန်လျက် ရှေ့ရေးအတွက် ခေါင်းချင်းရိုက် တိုင်ပင်ကြရပြန်သည်ကို ကျွန်တော်တွေ့ရသည်။ ဘဘကား အတန်ငယ် ပိန်လှီလျက်ရှိသည်။ လပေါင်းများစွာ မကျန်းမမာဖြစ်ထားသူအလား အထူးတလည် ညှိုးနွမ်းချုံးကျနေ၏။ အမေသည် ဘဘ၏ရုပ်သွင်သဏ္ဌာန်ကိုကြည့်ကာ အထူးတလည် စိတ်ထိခိုက်လျက်ရှိလေ၏။

“တို့ လက်ငုတ်လက်ရင်း လယ်မှာပဲ ပြန်လုပ်ကြတာပေါ့ မစုရယ်။ ငါကတော့ မင်းတို့သားအမိရှိနေလို့သာ၊ နို့မို့ရင်တော့လား ဟောဒီမျောက်ဖြူတွေနဲ့ သူသေသေ ကိုယ်သေသေ လုပ်ပစ်လိုက်တာ ကြာလှပြီ”

“တော်လောက်ပါပြီ ကိုကြိုင်ရယ်၊ ဒီစကားတွေကိုကြားရတာကျွန်မ ရင်တုန်လွန်းလို့ပါ၊ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေးပဲလုပ်ကိုင်စားကြရအောင်”

mgyoe.com

mgyoe.com


"အေးအေးဆေးဆေးဟုတ်လား၊ စပါးဈေးတွေ ဒီလောက် ဖောက်ထိုးမိုးမျှော်ကျပြီး လယ်သမားတွေ ကုန်းကောက်စရာမရှိအောင် ဖြစ်နေရတဲ့အချိန်မှာ အေးအေးဆေးဆေး ကိုယ့်လယ်ကိုယ်လုပ်နေလို့ရမလား မစု၊ နင် စဉ်းစားကြည့်လေ"

"ရှင် ပြောတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့"

အမေက ဆက်မပြောဘဲ ရပ်ထားသည်။ ရှေ့ဆက်၍ပြောရမည့် စကားကို အမေ မသိလေရော့သလား။

ဘဘကသာ စကားစပြောဖို့ ကြိုးစားလေသည်။

"ဒါထက် နေစမ်းပါဦး မစုရဲ့၊ ငါ ထောင်ကျနေတုန်း နင်တို့သားအမိ ရန်ကုန်ကို ပြေးကြသေးတယ်ဆို၊ လူလေးကို ကိုဆိုင်က လိုက်ခေါ်တာလည်း မရဘူးတဲ့"

"ရှင့်ကို ဘယ်သူပြောသလဲ"

"ကိုဆိုင် ပြောလိုက်တာပေါ့"

"ဟုတ်တယ်၊ လူလေးကို သူတို့ဆီပြန်ပို့ရမယ်လို့ လူကြုံနဲ့မှာလိုက်တာနဲ့ ကျွန်မလည်း လူလေးကိုခေါ်ပြီး ရန်ကုန်သွားတာပဲ၊ အဲဒါ ဘာဖြစ်သလဲ"

"ကိုဆိုင်က တော်တော်စိတ်ဆိုးနေတယ် မစု၊ နင်လုပ်ပုံမဟုတ်လို့ ကလေးပါအချောင်သက်သက် ကြားထဲက ဒုက္ခရောက်ရတယ်ဆိုပြီး ငါ့ကိုပြောလိုက်တယ်၊ သူတို့ စိတ်မကောင်းဖြစ်မယ်ဆိုလည်း ဖြစ်စရာပေါ့လေ"

ဘဘနှင့်အမေတို့ ပြောနေသည့်စကားသံကို ကျွန်တော်က ခြင်ထောင်အတွင်းမှနေ၍ အတိုင်းသား ကြားနေရသည်။ မရမ်းပိတ်ဖြင့် ချုပ်ထားသည့် ခြင်ထောင်မှာ ပင်ကို အဖြူရောင်ပျောက်ကာ ညစ်ထေးလျက်ရှိသည်။ ခြင်ထောင်၏ ဘေးတစ်ဖက်တစ်ချက်နှင့် အမိုးတွင်အဖာ

mgyoe.com

mgyoe.com


အထေးများဖြင့်လည်း ပြွမ်းတီးနေသည်။

"လူလေး ဒုက္ခရောက်မယ်ဆိုတာကို ကျွန်မ မသိလို့မှမဟုတ်တာပဲ။ ကိုကြိုင်၊ သိပါတယ်၊ ဒါပေမဲ့ ကျွန်မ မခွဲနိုင်ဘူး"

အမေ၏အသံမှာ တုန်ယင်နေ၏။

ဘဘနှင့်အမေတို့ တစ်ယောက်ကိုတစ်ယောက် စကားမပြောဘဲ ငြိမ်သက်နေကြသည်။ နောက်ထပ် ဘာတွေ ဆက်ပြောဦးမည်နည်းဟု ကျွန်တော် နားစွင့်မိသည်။ ဆက်ပြောမည့်စကားကိုလည်း ကြားချင်နေသည်။ အတန်ကြာမှ ဘဘ၏အသံကို ကြားရ၏။

"အေးလကွာ၊ မင်းက မခွဲနိုင်ဘူးဆိုတာ ဟုတ်မှာပေါ့၊ သူတို့ကလည်း ကလေးဒုက္ခရောက်မှာ စိုးရိမ်တာကိုး၊ ငါ ထောင်တန်းကျတော့ မင်းတို့သားအမိ နေရေးစားရေးခက်မယ်၊ ခက်ရင် လူလေးဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒုက္ခရောက်ရတော့မယ်လို့ သူတို့ တွေးမိကြမှာပေါ့၊ ဒါတော့ ဘယ်သူ့ကိုမှ အပြစ်ပြောလို့မဖြစ်ဘူးလေ"

ဘဘ၏လေသံမှာလည်း တိုးသွား၏။

ထိုညက ဘဘနှင့်အမေတို့ ဆက်ပြောကြမည့်စကားတွေကို ကျွန်တော် နားထောင်ဖို့ ကြိုးစားပါသေးသည်။ သို့သော် မည်သည့်အချိန်တွင် အိပ်ပျော်သွားသည်ကိုကား ကျွန်တော့်ဘာသာလည်း မသိတော့ပါ။

*

၁၉၃၈ ခုနှစ်၏ လတစ်လ။

မိုးဖြိုင်ဖြိုင်ရွာကာ ကွင်းရေတက်ရေတွေ ဖွေးဖွေးလှုပ်နေသော အချိန်ကာလဖြစ်ပါသည်။ မည်သည့်လဟူ၍ကား အတိအကျ ကျွန်တော် မမှတ်မိတော့ပါ။

ထိုလတွင် ဘဘ ကွယ်လွန်ပါသည်။

mgyoe.com

mgyoe.com


အကျဉ်းထောင်မှ လွတ်မြောက်လာပြီးနောက် ဘဘသည် ထုံးစံအတိုင်း စားမဦးချ လယ်မြေသို့ပြန်ဆင်းခဲ့၏။ ကျွန်တော့်ကို ကျောင်းထားပေးမည်ဟု အားခဲစေကာမူ ဘဘ၏ရည်မှန်းချက် မပြည့်နိုင်ခဲ့။ ဘဘ၊ အမေတို့နှင့် ကျွန်တော်လည်း လယ်ထဲသို့ဆင်းရပါတော့သည်။ ယခုတစ်မိုး အလုပ်လုပ်လိုက်မည်။ ယခုတစ်မိုးတွင် ကြိုးစားအားခဲထားသည်နှင့်အမျှ လာမည့်ဆောင်းရာသီ၌ စိတ်အေးလက်အေး နေရပေတော့မည်။ လယ်ယာလုပ်ငန်းဆိုသည်မှာ အလွန်တရာ ပင်ပန်းလှပါတကားဟု ကျွန်တော် သဘောပေါက်စ ပြုလာပေပြီ။ ကဆုန်လတွင် ထွန်ထိုးရသည်။ နယုန်လတွင်ကား ထွန်ဝင်လေပြီ။ ဝါဆိုဝါခေါင်တွင် ကောက်စိုက်ရပြီး တော်သလင်းလလောက်၌ကား ကောက်စိုက်သိမ်းရသည်။ ထိုအခါမျိုး၌ စပါးပင်တွေ စိမ်းအိနေတတ်သည်။ မြအဆင်းရှိသော ပင်လယ်ပြင်ပမာ လေဟုန်ရာ နွဲ့ဟန်ချီနေတတ်သော လယ်ကွင်းကိုကြည့်ကာ အားပါးတရ ဝမ်းသာရသည်။ ရှေ့ရေးအတွက် စဉ်းစားသည်။ စပါးအထွက်ကို ငံ့လင့်သည်။

သီတင်းကျွတ်လတစ်လတော့ နားနားနေနေ နေနိုင်ပေတော့မည်။ တန်ဆောင်မုန်းလဆိုလျှင် စပါးတွေ ရွှေရောင်အဆင်းဖြင့် ဝင်းမှည့်ပေတော့မည်။ နှင်းဖြိုင်ဖြိုင်ကျဆင်းအုံ့သော နတ်တော်ပြာသိုတွင် စပါးရိတ်ပြီးနောက် တပို့တွဲ၌မူ ကောက်လှိုင်းတိုက်မည်။ တလင်းပို့ကာ စပါးနယ်ရတော့မည်။

ဘဘသည် လာမည့်သီတင်းကျွတ်လတွင် နားရတော့အံ့၊ ရွှေရောင်ဝင်းသော လယ်ကွင်းပြင်ကို တွေ့ရတော့အံ့ဟူသော အတွေးဖြင့် တစ်မိုးတွင်းလုံးလုံး မနားမနေ အလုပ်လုပ်ခဲ့သည်။ အကျဉ်းထောင်ကလွတ်စမို့ ပိန်ချုံးချည့်နဲ့လာသော ဘဘမှာ အနားပင်မယူနိုင်တော့ဘဲ ဆက်တိုက်ဆိုသလို ပင်ပန်းကြီးစွာ ရုန်းကန်လှုပ်ရှားခဲ့ပြီးနောက် ဆင်းရဲ

mgyoe.com

mgyoe.com


ပင်ပန်းခြင်း ဒဏ်ရာဒဏ်ချက်များဖြင့် ရက်အနည်းငယ်ခန့် မကျန်းမမာ ဖြစ်ကာ ကွယ်လွန်သွားရှာသည်။

"ကိုကြိုင်ရေ… ကျွန်မတို့သားအမိ ဘယ်လိုလုပ်နေရမလဲ၊ ကျွန်မ တို့သားအမိကို မျက်နှာလွှဲသွားပြီလား ကိုကြိုင်ရဲ့"

ကျွန်တော်သည် ပြောရင်းငိုရင်း အရူးသဖွယ် ပရိဒေဝမီးတောက် လောင်လျက်ရှိသော အမေ့ကို သနားနေမိ၏။ အမေငိုသောအခါ ကျွန် တော့်ရင်တွင်း၌ နာကျင်လွန်းလှ၏။ ဘဘ၏ အလောင်းနားတွင် ထိုင် ကာ အသက်ကင်းမဲ့နေပြီဖြစ်သော ဘဘကို တစိမ့်စိမ့်ကြည့်နေမိသည်မှ အပ ကျွန်တော် မျက်ရည်မကျပါ။ ငိုကြွေးရန်အတွက် ကျွန်တော့်တွင် မျက်ရည်တွေ ကုန်ခန်းနေပြီထင်ပါသည်။

ဘဘ၏အလောင်းကို မိချောင်းရဲရွာ၏ သုသာန်သို့ ပို့ဆောင်သော နေ့တွင် မိုးတဖွဲဖွဲ ရွာနေသည်။

သုသာန်မြေပြင်သည် ရွှံ့ညွှန်များ စေးပျော့သောမြေများဖြင့် ပြီး၏။ ဆင်ငိုမြက်များ၊ ကိုင်းပင်များဖြင့်လည်း ထူပြောရှုပ်ထွေးနေ၏။ ကုက္ကို ပင်တွေ စုပြုံအုပ်မိုးထားသဖြင့် သုသာန်တစ်ဝိုက်မှာ ထာဝစဉ် မှိုင်းညို့ အုံ့ဆိုင်းလျက်ရှိသည်။ စေးထန်းသောမြေပြင်သည် ခြေအစုံကို ဆွဲထား တတ်သည်။ တစ်ခါတစ်ရံ ခြေဖဝါးချ၍မရလောက်အောင် ချော်နေတတ် သည်။ သို့ကလို စေးထန်းသောမြေကို ရွာခံသူကြီးတွေက ပေါက်တူး ဖြင့်ပေါက်ကာ ကျင်းတူးကြသည်။ ကျင်း၏နံဘေးတွင် ဘဘ၏ရုပ် အလောင်းပါရှိသည့် ခေါင်းကိုဆွဲထားသည်။ မိုးစက်ဖွဲဖွဲကလေးများက လည်း ကျဆင်းလျက်ရှိသည်။ ဖားပြုပ်ငယ်တစ်ကောင်သည် ခေါင်းနား တွင် ငြိမ်သက်စွာ ဝပ်နေလေ၏။

ကျင်းတူးပြီးသွားသောအခါ ခေါင်းကို မြေကျင်းထဲသို့ချကြသည်။ အမေကား ရွှံ့စေးမြေပေါ်၌ လူးလိမ့်ရင်း သည်းထန်စွာ ငိုကြွေးလျက်ရှိ

mgyoe.com

mgyoe.com


သည်။ ဘဘ၏နာမည်ကို ဟစ်အော်တမ်းတသည်။ တက်သွားသည့် အခါများ၌ နံဘေးရှိ မိန်းမကြီးတွေက ဝိုင်းဝန်း နှိပ်နယ်ပေးကြသည်။

မြေကျင်းထဲသို့ ခေါင်းရောက်သွားသည်နှင့်တစ်ပြိုင်နက် စေးထန်းသော ရွံ့ဖတ်တွေကို ခေါင်းပေါ်သို့ ယက်ချကြသည်။ အသုဘပို့သူတွေက ရွံ့စေးတွေကို ခက်ခက်ခဲခဲယူကာ ကျင်းထဲသို့ပစ်ချကြသည်။ တချို့ဆိုလျှင် စေးကပ်နေသည့်အတွက် တော်တော်နှင့်ချမရ။ ပေါက်တူးများ၊ တူးရွင်းပြားများဖြင့် မြေဖို့ကြရသူတွေမှာလည်း ကပ်နေသောရွံ့စေးတွေကို မနည်းခွာချကာ မြေဖို့ကြရသည်။

"ကိုကြိုင်တို့များ သေကံဆိုးသကွာ၊ သူ့ခမျာ မသေခင် ထောင်ကျရသေး၊ သေပြန်တော့လည်း မိုးနဲ့လေနဲ့ ဒုက္ခရောက်"

ဦးလေးကိုညို၏ ညည်းတွားသံကိုကြားရသည်။ ကျွန်တော်သည် စေးထန်းသော ရွံ့မြေပေါ်၌ ပုဆစ်တုပ်ထိုင်ကာ ဘဘကို ကန်တော့လိုက်၏။ အမေကလည်း ကန်တော့သည်။ ရွံ့စေးမြေအတွင်း၌ မြှုပ်နှံပြီးဖြစ်သော ဘဘကိုထားရစ်ကာ ကျွန်တော်တို့ ပြန်ခဲ့ကြသည်။

"အခုလောက်နဲ့ အသေဆိုးတာ မဟုတ်သေးဘူးကွ၊ ရေက သိပ်မကြီးသေးဘူး၊ ရေသိပ်ကြီးလာရင် မြှုပ်လို့တောင်ရတာ မဟုတ်ဘူး"

ရွာခံလူကြီးတစ်ဦးက ဦးလေးကိုညိုအား သို့ကလို ပြန်ပြောသံကို ကျွန်တော် ကြားလိုက်မိ၏။ မှန်လှသည်။ မကြာမီရက်ပိုင်းအတွင်း မြစ်ရေလျှံတော့မည်။ မြစ်ရေလျှံပြီဆိုလျှင် မြစ်ရေနှင့်ကွင်းရေတို့ ဆက်မိကြပေလိမ့်မည်။ ထိုအခါမျိုး၌ သုသာန်တစပြင်တစ်ခုလုံးမှာ ရေအောက်သို့ရောက်နေတတ်ပေရာ သုသာန်မြှုပ်စရာ မြေမရှိသည့်အတွက် ခေါင်းကို လေးတိုင်စင်ထိုး၍ ယာယီ တင်ထားရသည်။ ထို့နောက် ရေကျရက်အထိ စောင့်ဆိုင်းကာ ရေကျသွား၍ ကုန်းမြေပေါ်လာမှ ကျင်းတူးမြှုပ်ကြရသည်။ ယခု ဘဘ၏အဖြစ်မှာ ဤမျှအထိ မဆိုးရွားသေး။

mgyoe.com

mgyoe.com


"စိတ်ကို ကြိုးစားဖြေပေါ့ မစုရာ၊ သူလည်း မသေခင်တော့ ပင်ပင်ပန်းပန်း အလုပ်လုပ်သွားတဲ့လူပဲ၊ ဒီလောက် ပင်ပန်းဆင်းရဲတဲ့ဘဝက အေးအေးလူလူ အနားရသွားပြီလို့သာ မှတ်တော့ပေါ့၊ လူဆိုတာ သေမျိုးချည်းပဲလေ"

အပြန်လမ်းတွင် ဦးလေးကိုညိုက အမေ့ကို ဖျောင်းဖျလာသည်။ မိုးသည် ဖွဲ့နေရာမှ သည်းသည်းမည်းမည်း ရွာချလိုက်၏။ လေကလည်း ပြင်းပြင်းထန်ထန် တိုးဝင်တိုက်ခတ်လာသည်။

မိုးပြင်းလေပြင်းထဲ၌ ရွာဆီသို့လျှောက်ပြန်ရင်း ရွာခံလူကြီးတွေ ပြောလာကြသည့် စကားအမျိုးမျိုး၊ ထင်မြင်ချက်အဖုံဖုံ ကြားလာရသည်။ ပင်ပန်းခြင်း ဒဏ်ရာဒဏ်ချက်များကြောင့် သေရသည်ဟုဆိုကြသည်။ မှန်ပါပေလိမ့်မည်။ နံနက် ဝေလီဝေလင်းအချိန်ကစ၍ မိုးစုပ်စုပ်ချုပ်ချိန်အထိ မနားတမ်းအလုပ်လုပ်ခဲ့ရသော ဘဘ၊ သံပတ်ပေးထားသော စက်ရုပ်ပမာ တလှုပ်လှုပ်တရွရွ အလုပ်လုပ်ခဲ့သော ဘဘ၊ ယခုတော့ ကြိုးပြတ်သောအရုပ်ပမာ ပုံလျက်သား ကျဆုံးသွားလေပြီ။

ဘဘ သေဆုံးသွားရခြင်းသည် ကျွန်တော်၏ ငယ်ရွယ်နုနယ်သေးသော သက်တမ်း၌ ပထမဆုံးအကြိမ်အဖြစ် အလွန်တရာ ချစ်ခင်ရင်းနှီးလှစွာသော လူတစ်ဦးဆုံးရှုံးရခြင်းပင် ဖြစ်ပေ၏။

ညတိုင်ဆိုလျှင် တော်တော်နှင့်အိပ်မရ။ ဘဘ၏ ခါးကိုင်းကိုင်းပုံသဏ္ဌာန်ကိုသာ ကျွန်တော့်မျက်စိတွင် တရေးရေး မြင်ယောင်လျက်ရှိသည်။ ကျွန်တော့်ကို ကျောင်းထားလိုသော၊ ပညာတတ်စေလိုသော လူတော်လူကောင်းဖြစ်စေလိုသော ဆန္ဒတွေ ပြင်းပြလှသည့် ဘဘ၏စိတ်စေတနာများကို ပြန်လည်တွေးတောမိသည်။ သို့ရာတွင် ဘဘသည် ချို့တဲ့ခဲ့၏။ လူမွေးလူတောင် မပြောင်နိုင်လောက်အောင် ဆင်းရဲနုံချာခဲ့၏။

mgyoe.com

mgyoe.com


"လူလေးရယ်... အမေတို့မှာ အားကိုးစရာ မရှိတော့ဘူးကွဲ့"

ထိုညက အမေသည် တစ်ညလုံးလိုလို ငိုကြွေးလျက်ရှိနေသည်ကို ကျွန်တော် အမှတ်ရနေပါသေးသည်။ ကျွန်တော်ကား မျက်ရည်ခန်းခြောက်နေသူအလား ငိုကြွေးရန်ကိုပင် သတိမရတော့ပါ။ နုနယ်ငယ်ရွယ်လှသည့် ကျွန်တော့်နှလုံးသားများမှာ ပြတ်ကြွေလွင့်စဉ်ကုန်ကြပြီလော။

(၅)

"ကျွန်တော်တို့ အခု ဘယ်ကိုသွားမှာလဲ အမေ"

"မအူပင်ကို"

"မအူပင်ကို ဘာသွားလုပ်မှာလဲ"

ဤအမေးကို အမေက တော်တော်နှင့်မဖြေ။

အမေသည် ဗန်းမော်တဘက်ကို ခေါင်းတွင် ရစ်ပတ်ထား၏။ စကားပြောလျှင် မပွင့်တပွင့်နှင့် အေးစက်စက်နိုင်လှသော အမေ၏အလေ့အကျင့်ကို ကျွန်တော် ကောင်းစွာ သိပြီးဖြစ်သည်။ သို့သော် ယနေ့နံနက် သမ္ဘန်ကြဲ့ဖြင့်လိုက်လာသည့် ခရီးတစ်လျှောက်လုံး၌ ခါတိုင်းထက်ပို၍ နှုတ်ဆိတ်နေသော အမေ့အဖြစ်ကိုကား ကျွန်တော် သတိမထားဘဲ မနေနိုင်။

"ကျွန်တော်တို့ မအူပင်ကို ဘာသွားလုပ်မှာလဲ"

ကျွန်တော်က ထပ်မေးလိုက်သည်။

"လူလေးကို သွားပို့မလို့"

အမေ့မှာ ဤစကားလုံး အနည်းငယ်မျှကိုပင် အားယူ၍ပြောရဟန်တူ၏။

ကျွန်တော့်ရင်တွင်း၌ ရီဝေရှုပ်ထွေးလျက်ရှိသည်။ မအူပင်ကို

mgyoe.com

mgyoe.com


ကျွန်တော် ပြန်ရချေတော့မည်၊ အမေနှင့်ခွဲခွာနေရတော့မည်ဟူသော အသိက ကျွန်တော့်အား အကြီးအကျယ်ခြောက်လှန့်နေသည်။ ရွာတော့မည့် မိုးလို မှိုင်းညို့အုံ့ဆိုင်းနေသော အမေ့မျက်နှာကိုကြည့်ရင်း မအူပင်တွင် ဆက်လက်နေထိုင်ရတော့မည့် ကျွန်တော့်ရှေ့ရေးကိုလည်း တွေးမိသည်။

ဆောင်းဥတုသို့ ချင်းနင်းဝင်ရောက်စပြုနေပြီဖြစ်သည့်အတွက် ကောင်းကင်ပြင်သည် ကြည်လင်လျက်ရှိသည်။ မြစ်ရေပြင်မှာကား လှိုင်းကြက်ခွပ်ကလေးများ တွန့်တွန့်ရွန့်ရွန့် ထနေသည်မှအပ အခြားသော အသံဗလံဟူ၍ မရှိလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ရေစီးကြောင်းများကလည်း ခပ်မဆိတ်နိုင်လှ၏။ မိုးတွင်းကလို ဒေါမာန်ပွားမှု မရှိ၊ စူးစူးရဲရဲ အော်မြည်သော ဝဲဂယက်တွေလည်းမရှိ။

သမ္ဘန်ခတ်တက်သံသည် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသည့် တေးတစ်ပုဒ်ကို ဖြည်းဖြည်းလေးလေး ညည်းတွားနေသလားထင်ရ၏။ ကမ်းပါးတစ်လျှောက်တွင် နွယ်ပင်များ တွန့်လိပ်ခွေဆင်းကာ ရေသောက်နေကြသည်။ တချို့ကမူ အညွန့်အဖူးကလေးတွေကို ရေပြင်ပေါ်၌ ခေါင်းဖော်ထားကြသည်။ လေတိုက်လိုက်သည့်အတွက် လှိုင်းကြက်ခွပ်ငယ်ကလေးတွေ ပြေးလွှားလာကြသည့်အခါမျိုး၌ကား နွယ်ညွှန့်နွယ်ဖူးတို့သည် ရေထဲတွင် မြုပ်ချည်ပေါ်ချည် ဖြစ်နေကြလေ၏။

"ကျွန်တော်ဟိုမှာ နေရတော့မယ် ဟုတ်လား"

အမေးအစမ်း ထူရန်ကောဟူသော အကြည့်မျိုးဖြင့် အမေက ကျွန်တော့်ကို စူးစိုက်၍ကြည့်နေသည်။ အမေ့မျက်နှာတွင် ကြေကွဲအရိပ်အယောင်များ ယှက်သန်းလျက်ရှိသည်။

"ဟုတ်တယ် လူလေး၊ ခု မအူပင်မှာ သွားနေရတော့မယ်၊ မအူပင်မှာ လူလေးရဲ့အဖေနဲ့အမေရှိတယ်လေ၊ ဟိုရောက်ရင် လူလေး ပျော်မှာပါပဲ၊ ကျောင်းလည်းနေရမယ်"

mgyoe.com

mgyoe.com


"ကျွန်တော် မနေချင်ဘူး"

"နေပါ လူလေးရယ်"

"မနေချင်ဘူး၊ ကျွန်တော် အမေနဲ့ပဲနေမယ်"

အမေ့မျက်စိအစုံမှာ ရီဝေနေသည်။ ရီဝေသော မျက်စိအစုံသည် ကျွန်တော့်ကိုကြည့်နေရာမှ အဝေးဆီသို့ လှီးလွှဲထားလိုက်လေ၏။ သမ္မန်ဆရာသည် ကျွန်တော်တို့သားအမိဖြစ်အင်ကို အကဲခတ်ရင်း ခတ်တက်ကို တအားကျုံးဆွဲနေ၏။ သမ္မန်ပေါင်းမိုး၏ ရေနံနံ့မှာ မူးနောက်နောက်ဖြစ်စေသည်။ တကျွီကျွီအော်မြည်နေသော ခတ်ကွင်းသံကား ဤလောကတစ်ခွင်၌ ပျင်းရိငြီးငွေ့စရာ အကောင်းဆုံးအသံဟု ကျွန်တော်ထင်ပါသည်။

"အမေ့စကားကို နားထောင်ပါ လူလေးရယ်၊ မင်းဘဘ မသေခင်ကလည်း မှာသွားတဲ့ဥစ္စာ"

"ဘဘက မှာသွားတယ် ဟုတ်လား"

"အေး... ဟုတ်တယ်၊ လူလေးကို မအူပင်ပို့ပြီး ကျောင်းထားပါ၊ စာတွေတတ်အောင်သင်ပါတဲ့၊ ဒါကြောင့် လူလေးကို အမေက လိုက်ပို့တာပါကွယ်"

ကျွန်တော်က တစ်စုံတစ်ရာ ဆက်မပြောတော့ပါ။ ဘဘ မသေခင်က မှာသွားသည်ဟု အမေကဆို၏။ အမေသည်လည်းကောင်း၊ ဘဘသည်လည်းကောင်း ကျွန်တော့်အပေါ်၌ အချစ်ဆုံး၊ အမြတ်နိုးဆုံးသာဖြစ်ကြောင်း ကျွန်တော် သိပါသည်။ သို့ကလိုပင် ကျွန်တော်ကလည်း ဘဘနှင့်အမေ့ကို ခင်တွယ်လှပါ၏။ မိရင်းဖရင်းတွေ မအူပင်၌ရှိနေသည်ဆိုသော်လည်း ကျွန်တော် စိတ်မဝင်စား၊ ပစ္စည်းဥစ္စာ ကုံလုံပြည့်စုံကြသည်ဆိုစေကာမူ ကျွန်တော် မတပ်မက်၊ မအူပင်မှ မိရင်းဖရင်းတွေကို ကျွန်တော် မတွယ်တာမိ...။

mgyoe.com

mgyoe.com


လူတစ်ယောက်အဖြစ် အသိဉာဏ်ပြည့်ဖြိုးလာချိန်ကစ၍ နေ့စဉ် ကျွန်တော် တွေ့မြင်ရင်းနှီးနေကြသူများမှာ မိချောင်းရဲရွာမှ ဘဘနှင့်အမေ သာ ဖြစ်၏။ သူတို့က ကျွန်တော့်အပေါ်၌ ယုယသလို ကျွန်တော်က လည်း သူတို့ကိုတွယ်တာ၏၊ သူတို့၏ဆင်းရဲမွဲတေသောဘဝသည် ကျွန် တော့်ဘဝသာ ဖြစ်၏။ သူတို့ဘဝနှင့် ကျွန်တော့်ဘဝသည် ဆက်စပ်နေ ၏။ ခွဲခြား၍မရသော ဆက်စပ်မှုတည်း။

"စာကြိုးစားနော်၊ ကြားလား"

မအူပင်မှ ပြန်ခါနီးတွင် အမေက သို့ကလိုမှာလေသည်။ အမေ သည် အမှန်အားဖြင့် ငိုချင်နေကြောင်း ကျွန်တော် ရိပ်စားမိ၏။ သို့သော် သူ့ခဲအိုနှင့် အစ်မရှေ့မှောက်တွင် မငိုရဲ၊ မျက်ရည်မကျရဲ။

ကျွန်တော့်ကို မအူပင်တွင်ထားရစ်ကာ မိချောင်းရဲသို့ အမေ ပြန် သွားသည်။

ကျွန်တော်ကား နို့စို့ကလေးအရွယ်တွင် ဘဘနှင့် အမေ့ထံသို့ ရောက်သွားခဲ့၏။ ယခု ရှစ်နှစ်သားအရွယ်တွင် မိဘရင်းများထံသို့ ဘုမသိဘမသိ ပြန်ရောက်နေ၏။ မိချောင်းရဲရွာ၏ ရွံ့ညွန်များအကြားမှ မအူပင်မြို့၏ ကတ္တရာလမ်းမပေါ်သို့ ပြန်ရောက်လာ၏။ လူမှန်းသိစက စ၍ တစ်ကောင်ကြွက်အဖြစ် အထီးတည်းနေခဲ့ရပြီးနောက် ယခု ညီအစ်ကို မောင်နှမများအကြားသို့ ဘွားခနဲရောက်လာ၏။ မအူပင်သို့ ရောက်သည့် ညက ကျွန်တော်အိပ်မရ။

ကျွန်တော့်မိဘများသည် ကမ်းနားလမ်းရှိ တိုက်ကြီးတွင်နေထိုင် ကြ၏။ တိုက်၏အောက်ထပ်တစ်ထပ်လုံးမှာ အဖေဖွင့်ထားသော ထမင်း ဆိုင်ကြီးဖြစ်ပြီး အမေ၏စတိုးဆိုင်ကား တိုက်နှင့်မျက်နှာချင်းဆိုင် လမ်း တစ်ဖက်တွင်ရှိ၏။ အဖေ့ထမင်းဆိုင်မှာ ခမ်းနားကြီးကျယ်သလောက် အမေ့ဆိုင်ကလည်း ဆေးလိပ်၊ စီးကရက်ကအစ ကလေးကစားစရာ

mgyoe.com

mgyoe.com


အဆုံး စုံလင်လှ၏။ သို့မို့ကြောင့်လည်း အဖေနှင့်အမေတို့မှာ စီးပွားဖြစ်ထွန်းသည်။ ဝင်ငွေကောင်းသည်။ အိမ်တွင် အခိုင်းအစေတွေထားသည်။ သားသမီးတွေကို ကြော့နေအောင်ဆင်ကာ ကောင်းပေ့ဆိုသည့် ကျောင်းသို့ပို့ထားသည်။ ကျွန်တော်ကား မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မယုံနိုင်လောက်အောင် ခြားနားသော ဘဝတစ်ခုသို့ ချင်းနင်းဝင်ရောက်ခဲ့ရလေတော့၏။

ကျွန်တော့်ကျောအောက်မှ မွေ့ရာမှာ နူးညံ့အိစက်လွန်းလှ၏။ မနေ့ကအထိ ကျွန်တော်သည် မိချောင်းရဲရွာ၏ ဓနိမိုး မဒမတိုင်အိမ်ကလေးမှ ပျဉ်းကတိုးသားခင်း ကြမ်းပြင်ပေါ်တွင် အမေနှင့်အတူအိပ်စက်ခဲ့၏။ မာကျောသော အိပ်ရာ၊ ညစ်ထေးသော ခြင်ထောင်။

ယခုမူ ခြင်ထောင်သည် အပြင်ဘက်သို့ လှမ်းမြင်နိုင်သည့် ဇာခြင်ထောင်ဖြစ်ပြီး ဖွေးဖွေးဖြူလျက်ရှိ၏။ ပရုတ်နံ့ကလည်း သင်းပျံ့လှ၏။ ဖွေးဆွတ်သည့် အိပ်ရာခင်း ခင်းထားသော တစ်ယောက်အိပ်ခုတင် ထက်တွင် ကျွန်တော်အိပ်မရပါ၊ အိပ်၍မတတ်ပါ။ ကျွန်တော်သည် အသက်ရှူကျပ်လျက်ရှိ၏။ ပင်ပန်းကြီးစွာ အသက်ရှူနေရသည်ဟု ထင်မိ၏။

တိုင်ကပ်နာရီမှ ၁၂ နာရီထိုးသံ ကြားလိုက်ရသည်။ နာရီထိုးသံသည် သံစုံမြည်ကာ ဖြာဝေလျက်ရှိပြီး တိုက်သံကြောင့် ဟိန်းထွက်နေ၏။

မည်သည့်အချိန်တွင်မှ အိပ်ပျော်သွားသည်မသိ၊ အိပ်မက်တွေ မက်သည်။ ဘဘ၏ ခါးကိုင်းကိုင်းသဏ္ဍာန်ကို တွေ့ရသည်။ ဗန်းမော်တဘက်ကို ခေါင်းတွင်ပတ်ထားသည့် အမေ့သဏ္ဍာန်ကိုလည်း မြင်ရသည်။ အမေနှင့်ဘဘသည် ကျွန်တော့်ကို လှမ်းခေါ်နေ၏။ ကြေကွဲသော၊ ဆုံးရှုံးသော၊ အသနားခံသော၊ ညှိုးလျသော သူတို့၏မျက်နှာအနေအထားကို အိပ်မက်ထဲ၌ ထင်ထင်ရှားရှား တွေ့မြင်နေရသည်။

သည်လိုနှင့်ပင် ကျွန်တော့်ဘဝသည် အမေတို့ဘဝနှင့် ခြားနားခဲ့

mgyoe.com

mgyoe.com


ရလေပြီ။

*

ကျွန်တော့်အထက်တွင် အစ်ကိုနှစ်ယောက်၊ ကျွန်တော့်အောက်တွင် ညီမနှင့် ညီတစ်ယောက် စသည့် ညီအစ်ကိုမောင်နှမငါးယောက်အကြား၌ ကျွန်တော်သည် ယောင်တီးယောင်န ဖြစ်နေ၏။

အဖေအရင်းကို ဘကြီးဟူ၍လည်းကောင်း၊ အမေအရင်းကိုမှ ကြီးတော်ဟူ၍လည်းကောင်း ပြင်မရအောင် နှုတ်ကျိုးနေသည့်အတိုင်း ဘကြီး၊ ကြီးတော်ဟု ခေါ်မိသည့်အတွက် မကြာခဏဆိုသလို အရိုက်ခံရသည်။

မအူပင်မှ မိဘရင်းများထံသို့ ပြန်ရောက်ချိန်ကစ၍ ကျွန်တော်၏ စိတ်သည် အလေးအနက် တွေးစပြုပါတော့သည်။ နံနက်တိုင်း မုန့်ဖိုး နှစ်ပြားရသည်။ အမျိုးသားကျောင်းတွင် နေရသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း စသော ပွဲကြီးလမ်းကြီးများ စည်ကားသည့်လမျိုးတွင် ဝတ်ကောင်းစားလှအသစ်တွေ ချုပ်ပေးသည်။ ကျွန်တော့်အတွက်ဆိုရလျှင် မိဘရင်းများ၏ အရိပ်အာဝါသအောက်၌ လိုသည်ထက်ပင် ပိုနေပြီဟုဆိုနိုင်သော စည်းစိမ်ချမ်းသာမျိုးတွေကို ရရှိနေခဲ့လေပြီ။

သို့ရာတွင် ကျွန်တော် ပျော်မွေ့နေသလား၊ မပျော်ပါ။

အမြဲတမ်းလိုလို အမေ့ကိုသတိရသည်။ မိချောင်းရဲ့ရွာကလေးကို တမ်းတသည်။ မိချောင်းရဲ့ရွာကလေး၌ အမေတစ်ယောက် လင်မရှိ၊ သားမရှိ၊ အထီးကျန်ဘဝဖြင့် မည်သို့မည်ပုံ နေထိုင်သနည်းဟူသော အတွေးက ကျွန်တော့်စိတ်စေတသိက်ကို ထာဝစဉ် တုပ်နှောင်ထားသည်။

ကျွန်တော့် ညီအစ်ကိုမောင်နှမများမှာ မပူမပင် မကြောင့်မကြ နေနိုင်သူများပီပီ ပျော်ပျော်ပါးပါး နေထိုင်ကြသည်။ နံနက်မိုးလင်းပြီ

mgyoe.com

mgyoe.com


ဆိုသည်နှင့် တစ်ပြိုင်နက် အမေ့ထံမှ မုန့်ဖိုးတောင်းကာ ဈေးသို့ထွက်ခွာသွားကြသည်။ ထို့နောက် ရေမိုးချိုး အဝတ်အစားလဲကာ ကျောင်းတက်ကြသည်။ နေ့လယ်ဘက်တွင် အိမ်သို့ ခေတ္တပြန်ကာ အသင့်ချူးခပ်ထားပြီးဖြစ်သော ထမင်းဝိုင်းတွင်ထိုင်ကြကာ ကျောင်းပြန်တက်ကြသည်။ ညနေကျောင်းဆင်းလျှင် လွယ်အိတ်ကိုပစ်ချလျက် ကစားကြပြီးနောက် ရေမိုးချိုးထမင်းစားကြ၊ စာကြည့်ကြဖြင့် တစ်ဖန် စားသောက်ကြပြီးနောက် အိပ်ရာဝင်ကြသည်။ ပျော်စရာအတိပြီးသော လောကပေတည်း။

ကျွန်တော်ကား အပူအပင် အကြောင့်အကြကင်းမဲ့စွာနေလို့မရ။ အိမ်၌ ခိုင်းစေထားသူများနှင့်အတူ လက်ပွန်းတတီးနေသည်။ တံမြက်စည်းလှည်းသည်။ အမေ့ဆိုင်ကို ကူထွက်ပေးသည်။ အမေ့ဆိုင်အတွက် လိုအပ်သည့်ပစ္စည်းများအား သယ်ယူပေးသည်။ ရန်ကုန်မှတင်ပို့လိုက်သည့် ရေကျော်မစိန်ညွှန့်နှင့် ဣစ္ဆိတံ ဆေးလိပ်ပိုကြီးများ၊ ပြည်သင်္ဘောဖြင့်ရောက်လာသည့် ရွှေဒင်္ဂါး–ခင်လှစိန် ဆေးပြင်းလိပ်ပိုကြီးများ ရောက်လာပြီဆိုလျှင် ရောဝတီသင်္ဘော ကိုယ်စားလှယ်ထံ၌ သွားရောက်ရွေးယူသည်။ မြို့က ကြေးရတတ်မိဘများထံ ပြန်ရောက်နေရသော်လည်း အေးဆေးဆိတ်ငြိမ်စွာ ကြော့ကြော့ကလေး မနေတတ်။ အလုပ်တစ်ခုခုကိုလုပ်နေရမှ ကျွန်တော် ကျေနပ်သည်။ အဖေနှင့်အမေက ဒါကိုသဘောကျသည်။ ဒိုးတူပေါင်ဖက် အလုပ်လုပ်ချင်သည့် ကျွန်တော့်ဝါသနာကို နှစ်ခြိုက်သည်။ သို့သော် ဘာမျှမပြော။

များမကြာမီ အမေတစ်ယောက် မိချောင်းရဲမှနေ၍ မအူပင်သို့ ရောက်လာလေသည်။

အမေရောက်လာသည့်အတွက် ကျွန်တော် ဝမ်းသာလှပါ၏။ အမေသည် လင့်ဘက်ကစပ်လျှင် အစ်မကြီးဖြစ်သော ကျွန်တော့်အမေအရင်းကို အလွန်တရာရိုသေသည်။ ခဲအိုဖြစ်သည့် ကျွန်တော့်အဖေ

mgyoe.com

mgyoe.com


အရင်းကိုလည်း စကားပင် လုံးစေ့ပတ်စေ့ ပြန်မပြောရဲလောက်အောင် ကြောက်ရွံ့သည်။ အဆက်အဆံ အကူးအလူးဟူ၍လည်းမရှိလှ။ ဆင်းရဲ မွဲတေသော သူ့ဘဝသည် ကုံလုံပြည့်ဝသော အဖေနှင့်အမေတို့၏ဘဝ နှင့် များစွာကွာခြားလှလေသည် မဟုတ်လော။

ယခုမူ အမေသည် တဘက်ကို ခေါင်း၌ပတ်ကာ ညှိုးနွမ်းသော အဝတ်အစားများဖြင့် မအူပင်သို့ အမှတ်မထင် ရောက်လာလေပြီ။

အမေသည် တစ်စုံတစ်ရာပြောဆိုခြင်းမရှိဘဲ အဖေ့ဆိုင်၌ ပန်းကန်ဆေး၏၊ ထမင်းဟင်းချက်၏၊ ကျွန်တော်တို့ညီအစ်ကို မောင်နှမတစ်စု၏ ဝေယျာဝစ္စတွေကို ဒိုင်ခံလုပ်၏။ ကျွန်တော့်ကို အရိပ်တကြည့်ကြည့်နှင့် အကဲခတ်၏။

ညဘက် ဆိုင်သိမ်း၍ အိပ်ကြပြီဆိုလျှင် ကျွန်တော့်အိပ်ရာသို့ တိတ်တိတ်ကလေး အမေ ရောက်လာပြီးနောက် ကျွန်တော့်နဖူးပြင်တွင် ပါးအပ်ကာ မျက်ရည်ဖြိုင်ဖြိုင်ကျ ငိုကြွေးလေတော့သည်။ ထိုအခါကျမှ သာ အမေ ဘာကြောင့် အောက်ကျခံ၍ လာနေသနည်းဆိုသော ပြဿနာ ၏အဖြေကို ကျွန်တော် နားလည်လာမိသည်။

"လူလေး ဒီမှာနေရတာ ပျော်ရဲ့လား"

အမေက အသံအုပ်၍ မေးသည်။ အမေ့အသံမှာ တိုးသလောက် တုန်ယင်နေသည်။

"မပျော်ဘူး၊ ကျွန်တော် မိချောင်းရဲကို ပြန်ချင်တယ်"

အမေက ကျွန်တော့်ပါးစပ်ကို လက်ဝါးဖြင့်ကာလျက် တိုးတိုးပြော ရန် သတိပေးသည်။

"မိချောင်းရဲကို မပြန်ချင်ပါနဲ့ လူလေးရယ်၊ ဒီမှာ ချမ်းချမ်းသာသာ နဲ့ လူလေးနေနေရတဲ့ဥစ္စာ၊ ပျော်အောင်နေပေါ့၊ မိချောင်းရဲမှာဆိုရင် လူလေးဆင်းရဲနေမှာ"

mgyoe.com

mgyoe.com


"ဟင့်အင်း… မနေချင်ဘူး၊ ဆင်းရဲချင် ဆင်းရဲပါစေ၊ ကျွန်တော် ပြန်ချင်တယ်၊ အမေ ပြန်ရင် ကျွန်တော်လိုက်မယ်၊ ကျွန်တော့်ကို ခေါ်သွားပါ"

အမေက မျက်ရည်တွေကိုသုတ်ဖယ်ရင်း ခေါင်းခါသည်။

"အမေ ကြောက်တယ်"

"ဘာကို ကြောက်တာလဲ အမေ"

"ကိုဆိုင်နဲ့ မမကို အမေ ကြောက်ရတာပေါ့ လူလေးရယ်၊ နောက်ပြီး မင်းဘဘ မသေခင်က မှာခဲ့တဲ့စကားလည်း ရှိသေးတယ် လူလေးရဲ့"

"ဘဘက ဘယ်လိုမှာခဲ့သလဲ"

"လူလေးကိုပြန်ပို့ပြီး ကျောင်းနေပါစေ၊ စာတွေအများကြီးတတ်အောင် သင်ပါစေ၊ မအူပင်မှာ ချမ်းချမ်းသာသာ နေရအောင် ပြန်ပို့လိုက်ပါလို့ ဘဘက မှာသွားတယ် လူလေး၊ မင်း ဘဘကို ချစ်တယ်မဟုတ်လား"

ကျွန်တော်က ခေါင်းညိတ်လိုက်၏။

"ဘဘကိုချစ်ရင် ဘဘစကားကို နားထောင်နော်၊ မင်းဘဘက လူလေးကို ချမ်းချမ်းသာသာနဲ့နေရအောင် မအူပင်ကို ပြန်ပို့ထားရမယ်တဲ့၊ စာတွေအများကြီးတတ်အောင် သင်ရမယ်တဲ့၊ သိလား"

အမေ့စကားကို သဘောတူရန်မှအပ အခြားနည်းလမ်းမရှိတော့သည့်အတိုင်း ကျွန်တော်သည် ငြိမ်နေလိုက်၏။ သို့ရာတွင် အမေ့ကို မေးချင်သော မေးခွန်းများသည် ကျွန်တော်ရင်ထဲတွင် တလိပ်လိပ် တက်နေ၏။

"အမေ အခု ဘာလာလုပ်တာလဲ"

"လူလေးနဲ့တွေ့ချင်လို့ အမေ လာတာပါ"

"ဒါဖြင့် အမေ အကြာကြီးနေမှာလား၊ ခဏလေးလား"

mgyoe.com

mgyoe.com


"တော်တော်ကြာကြာနေမယ် စိတ်ကူးတာပဲ လူလေးရယ်၊ အမေ အကြာကြီးနေတာကို သူတို့က ကျေနပ်ဦးမှကိုး၊ အမေ ဒီကိုလာချင်တာ မဟုတ်ဘူး၊ သူတို့ကချမ်းသာပြီး အမေကဆင်းရဲတော့ အမေလာနေတာ ကို ကြိုက်ချင်မှကြိုက်မှာ မဟုတ်လား၊ ဒါပေမဲ့ လူလေးကို သိပ်တွေ့ချင် တာနဲ့ အမေ ဒီမှာ ကျွန်လိုအလုပ်လုပ်ပြီး လာနေတာပါ လူလေးရယ်"

အမေ့အသံမှာ ပြောရင်း တိမ်ကျသွားသည်။

အမေ့အဖြေကို ကြားလိုက်ရသောအခါ ကျွန်တော့်ရင်တွင်း၌ ဒိန်းခနဲ ပြည်ဟည်းသွား၏။ ကျွန်တော့်မျက်လုံးအိမ်တွင် မျက်ရည်တွေ ပြည့်ဖုံးနေသည်ဟုလည်း ထင်မိ၏။ နှလုံးသားသာမက တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လျက်ရှိသည်။

"အမေ ကျွန်မခံရဘူး၊ အမေ ကျွန်ခံရတာကို ကျွန်တော် မကြိုက် ဘူး၊ မနက်ကျရင် အဖေတို့ကို ကျွန်တော်ပြောမယ်၊ ပြောလို့မရရင် အမေနဲ့ကျွန်တော် မိချောင်းရဲကို ပြန်လိုက်မယ်၊ ဒီမှာလည်း ကျွန်တော် မနေတော့ဘူး"

"ဒီလိုမလုပ်ပါနဲ့ လူလေးရယ်၊ သူတို့ကိုလည်း သွားမပြောပါနဲ့၊ ကြားသွားရင် အမေ့ကိုသတ်လိမ့်မယ်"

အမေက သို့ကလိုပြောရင်း ကျွန်တော့်ကို ဖက်ငိုသည်။ ကျွန်တော် ကလည်းငိုသည်။ မျက်ရည်ဖြင့်စတင်ရသော အမေ့ဘဝမှာ အဆုံးမသတ် နိုင်သေးပါတကား။

"အမေ ဒါဖြင့် ဒီမှာ အကြာကြီးနေမှာလား"

"အမေ နေနိုင်သလောက်နေမယ် လူလေး၊ လူလေးနဲ့အားရအောင် နေပြီးရင် အမေ တောကိုပြန်ဦးမယ်ကွယ်၊ လူလေးကို အမေသိပ် ချစ်တယ်၊ လူလေးနားမှာသာ နေရမယ်ဆိုရင် အမေ ဘယ်လိုဘဝမျိုးနဲ့ပဲ နေရနေရ အမေနေမယ်၊ ဒါပေမဲ့ တောကိုလည်း အမေပြန်ချင်တယ်

mgyoe.com

.mgyoe.com


လူလေးရယ်၊ မင်းဘဘ ခေါင်းချခဲ့တဲ့နေရာမို့ ဒီနေရာကို အမေ ကြာကြာ ခွဲမနေနိုင်ဘူး"

"ဒါဖြင့် အမေ တောကို ပြန်ဦးမယ်ပေါ့"

အမေက ဖြည်းညင်းစွာ ခေါင်းညိတ်ပါသည်။

"အမေ ဒီမှာ ကြိုက်သလောက်နေပါ၊ ဒါပေမဲ့ ကျွန်အလုပ်လုပ်ပြီး တော့ မနေရဘူး"

အမေက ရှည်လျားလေးတွဲ့စွာ သက်ပြင်းချသည်။ အစဉ်းစားရ ခက်နေဟန်လည်းတူသည်။ မြို့က ကျွန်တော့်မိဘများအိမ်၌ အကြောင်း မဲ့သက်သက် လာရောက်စားသောက်နေထိုင်သော သဘောလည်း ဖြစ်စေ ချင်ပုံမရ။

"ဒီအိမ်မှာ အခိုင်းအစေတွေရှိနေသားပဲ အမေရာ၊ အမေက ဘာမှ ဒီအခိုင်းအစေတွေလို ဝင်လုပ်စရာမလိုပါဘူး"

"အမေ မနေတတ်ဘူး လူလေးရဲ့၊ ကိုဆိုင်တို့ မမတို့မှာ အခိုင်း အစေတွေရှိတာ မှန်တယ်၊ ဒါပေမဲ့ အမေကိုယ်တိုင်ကလည်း မနေတတ် တာပါ။ ဘာပဲဖြစ်ဖြစ်လေ အမေက ဒီလာနေပြီး ထိုင်စားနေတာနဲ့စာရင် အိမ်ကအလုပ်၊ ဆိုင်ကအလုပ်တွေကို ဝိုင်းလုပ်တော့ သူတို့လည်း ကျေနပ် တာပေါ့၊ အမေကလည်း လူလေးမျက်နှာကို နေ့တိုင်းမြင်ရရော၊ လူလေး နဲ့ နီးနီးနားနားနေရရော၊ ဒါပြီးတာပဲ"

အမေက ကျွန်တော့်နဖူးပြင်ကို ညင်သာစွာနမ်းရှုပ်ကာ သူ့အိပ်ရာ ဆီသို့ ပြန်သွားသည်။

အမေ ထွက်သွားသောအခါ ကျွန်တော့်မှာ အမျှင်မပြတ်နိုင်သော အတွေးများဖြင့် လုံးထွေးရစ်ပတ်၍ ကျန်ရစ်ခဲ့လေ၏။ ဖုံမဆင့်၊ ဆိုင်း မဆင့် တောကနေ ရောက်လာသောအမေ၊ ဤအိမ်ကြီးတွင် အစေအပါး သဖွယ် အလုပ်တွေဒိုင်ခံလုပ်ကာ တွယ်ကပ်နေသော အမေ၊ မြို့က

mgyoe.com

mgyoe.com


ကြေးရတတ် ခဲအိုနှင့် အစ်မကို မျက်နှာကြည့်၍ပင် စကားမပြောရဲသော်လည်း အလိုက်သင့် အလျားသင့် အောက်ကျို့ပေါင်းသင်းကာဖြစ်အောင်နေသော အမေ။

အမေ၏ တစ်ခုတည်းသောရည်မှန်းချက်ကား ကျွန်တော့်မျက်နှာကို နေ့တိုင်းမြင်ရစေရန် နီးနီးနားနား နေရစေရန်သာဖြစ်ကြောင်း ယခုကောင်းစွာ နက်ရှိုင်းစွာ သဘောပေါက်ခဲ့ရလေပြီ။

(၆)

သုံးလေးလခန့် သို့ကလိုနေပြီး မိချောင်းရဲသို့ အမေပြန်သွားသည်။

"ရွာမှာ ကိုယ့်အလုပ်ကလေးဘာလေး ပြန်လုပ်ဂိုက်ဦးမယ် လူလေးရယ်၊ နောက်ပြီးတော့ တစ်ခါလာတာပေါ့"

"ရွာပြန်ပြီး အမေ ဘာလုပ်မလဲ"

"အမေလား၊ အမေ့အတွက် လုပ်စရာအလုပ်တွေ ပေါပါတယ်၊ အငှားလိုက်ကောက်စိုက်၊ ပျိုးနုတ်၊ နောက်ဆုံး လူများတကာ လယ်သိမ်းချိန်ကျရင် အမေ သင်ဖျာရက်မယ်၊ အင်းစတော့မယ့် အချိန်ကျတော့ မြှုံးရက်၊ ယင်းရက်၊ လိုက်လုပ်တာပေါ့ လူလေးရဲ့။ ဟိုတုန်းကလို ကိုယ့်လယ်မှ ကိုယ်မလုပ်နိုင်တော့တဲ့ဥစ္စာ၊ ဒီလိုပဲ ကျပန်းလုပ်ရတယ်လေ။ အမေ့အတွက် မပူပါနဲ့ကွယ်၊ လူလေးသာ စာကြိုးစားသင်ကြားလား၊ ဘဘနဲ့အမေ့ကို လူလေးကသာ မမေ့ဘူးဆိုရင် အမေ ဘယ်မှာနေရနေရ ကိစ္စမရှိပါဘူး"

ကျွန်တော်ကား အမေ ပြောသွားသော စကားလုံးတွေကို အလွတ်ကျက်သလို ကျက်ထားမိရင်း တိုက်ပေါ်မှ ဆင်းသွားသော အမေ့ကို မျက်စိတစ်ဆုံး လှမ်းကြည့်နေလိုက်မိသည်။

mgyoe.com

mgyoe.com


အလာခရီးကကဲ့သို့ပင် အပြန်ခရီး၌လည်း အမေသည် ဇန်းမော်တဘက်ကို ခေါင်းတွင်ရစ်ပတ်ကာ ခပ်ကုပ်ကုပ်ကလေး သမ္ဗန်ဆိပ်သို့ဆင်းသွားလေ၏။ မိချောင်းရဲရွာကလေးတွင် အထီးကျန်ဘဝဖြင့် သူ့တစ်ဝမ်းတစ်ခါးအတွက် ဤအလုပ်ကိုလုပ်ကိုင်ကာ စားသောက်နေထိုင်ရန် ကျွန်တော့်အပါးမှ ထွက်ခွာသွားသော အမေ့အကြောင်းကိုတွေးရင်းကျွန်တော့်ရင်ထဲ၌ ဆို့နင့်နေသည်။ မကျေနပ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်း စသော စိတ်ဝေဒနာမျိုးစုံတို့သည် ကျွန်တော့်ရင်တွင်းသို့ စုပြုံတိုးဝှေ့ ဝင်ရောက်လျက်ရှိကြသည်။

မြစ်ဆိပ်တို့ ခပ်ကုပ်ကုပ်ကလေး ဆင်းသွားသော အမေ့ကို ကျွန်တော်က တိုက်အပေါ်ထပ်မှနေ၍ တသစွာကြည့်ရင်း အမေ့အကြောင်းတွေကို ပြန်ပြောင်းစဉ်းစားမိသည်။ အမေ့ဘဝကား ကျဆုံးနေလေပြီ။ ဤလောက၏ အနိမ့်ဆုံးသောအပိုင်းသို့ လျှောဆင်းနေလေပြီဟုကျွန်တော် ရိုးတိုးရိပ်တိပ် နားလည်မိသည်။

ဘဘရှိစဉ်က အမေသည် သီးစားခပေး၍လည်းကောင်း၊ လယ်ထောက်ခပေး၍လည်းကောင်း လယ်မြေ ဆယ်ဧကလောက်ကို လုပ်ကိုင်နိုင်ခဲ့သေး၏။ နံနက်မိုးလင်းချိန်ကစ၍ ညမိုးစုပ်စုပ်ချုပ်ချိန်အထိ နွားနှင့်အတူ ရွှံ့ထဲရေထဲ သမန်းချေးထဲတွင် ရုန်းကန်ခဲ့ရသော်လည်း လူမွေးလူတောင် မပြောင်နိုင်ခဲ့။ ထမင်းဖြစ်စေမည့်စပါးကို ပင်လယ်ပြင်တမျှလှိုင်းထအောင် စိုက်ပျိုးခဲ့သော်လည်း ထမင်းနပ်မှန်အောင် မစားနိုင်ခဲ့။ ဘဘအတွက်လည်းကောင်း၊ အမေ့အတွက်လည်းကောင်း၊ ခေတ္တခဏမွေးရန် မြို့မှ မိဘတွေက ပေးလိုက်သဖြင့် သူတို့ထံသို့ ဘုမသိဘမသိရောက်သွားခဲ့ရသော ကျွန်တော့်အတွက်လည်းကောင်း တွေ့ကြုံရင်ဆိုင်ခဲ့ရသည့် ဘဝ၏ရင်ခွင်မှာ ခက်ထန်ကြမ်းတမ်းလွန်းလှ၏။ သို့စဉ်လျက်ယခုဆိုလျှင် အမေသည် အထီးကျန် တစ်ကောင်ကြွက် သူ့ကိုယ်သူ

mgyoe.com

mgyoe.com


ရှန်းကန်ရင်း လှေျာဆင်းနိမ့်ကျနေရပြန်၏။ အမေ့အဖြစ်ကို မချင့်မရဲတွေးကာ ကျွန်တော့်မှာ နာကြည်းရသည်။ သို့သော် ကျွန်တော် ဘာမျှမတတ်နိုင်။

သည်လိုနှင့်ပင် အမေသည် မိချောင်းရဲသို့ ပြန်သွားလေ၏။

အမေ ပြန်သွားပြီးနောက် မကြာမီမှာပင် ဒုတိယကမ္ဘာစစ်ကြီး၏ အရိပ်အငွေ့တွေ ယှက်သန်းလာသည်။ တိုင်းပြည်အခြေအနေ လှုပ်လှုပ်ရွရွ ဖြစ်လာသည်နှင့်အမျှ မြို့တွင်လည်း ကျီးလန့်စာစား ဖြစ်လာသည်။

ကျွန်တော် စတုတ္ထတန်းသို့ တက်ရသောနှစ်တွင် ဂျပန်၏ လေကြောင်းရန် ပိုမိုဆိုးဝါးလာသည်မို့ ကျောင်းပိတ်လိုက်ရသည်။ ပညာကို ကြိုးစားသင်စေချင်သော၊ စာတွေတတ်စေချင်လွန်းသော ဘဘနှင့်အမေတို့၏ဆန္ဒကို ရိုးတွင်းခြင်ဆီခိုက်အောင် စွဲနေသည့်အတွက် အေးအေးလူလူ မပူရမပင်ရ ကျောင်းနေနိုင်သော အခွင့်အရေးရခိုက် ကြိုးစားလိုက်မည်ဟု အားခဲထားရသည့် ကျွန်တော့်စိတ်မှာ နွမ်းလျညှိုးခွေခဲ့ရသည်။ စာတွေတတ်အောင် သင်လိုက်မည်၊ သို့ကလို သင်ပြီးနောက် မိချောင်းရဲတွင် ညှိုးငယ်နွမ်းပါးစွာ နေရရှာမည်ဖြစ်သော အမေ့ကို လုပ်ကျွေးလိုက်မည်ဟု စိတ်ကူးယဉ်အိပ်မက်မက်ခဲ့သော ကျွန်တော့်အတွေးသည် ချောင်းရေအြ မျောပါအပ်သော သစ်ရွက်ပမာ မွန်းနစ်ပျောက်ကွယ်ခဲ့ရလေတော့၏။

အင်္ဂလိပ်အပြေး ဂျပန်အဝင် မင်းပြောင်းမင်းလွဲ ကာလကစ၍ ဂျပန်ခေတ်တစ်ခေတ်လုံးလုံး အမေနှင့်ကျွန်တော် တွေ့ခွင့်မရတော့ပါ။

လေးနှစ်မျှသော ကာလအတွင်း မိချောင်းရဲရှိ အမေ့အကြောင်းကို အခါမလပ်ဆိုသလို ကျွန်တော် တွေးသည်၊ သတိရသည်။ သို့ရာတွင် အမေ့ဆီသို့ သွားရန်ဝေးစွ၊ ကျွန်တော်ကိုယ်တိုင်သည်ပင်လျှင် မြို့ကမိဘများ၊ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးများနှင့်အတူ စစ်၏ဘေးဒဏ်မှ

mgyoe.com

mgyoe.com


လွတ်အောင် ပြေးလွှားပုန်းရှောင်နေကြရသည် မဟုတ်လော။

ဆွေမျိုးညီအစ်ကို မောင်နှမတစ်သိုက် စုစုဝေးဝေး စစ်ပြေးကြရသည်မို့ အစစအရာရာ ရှားပါးခြိုးခြံကြရသော်လည်း ပျော်ပျော်ပါးပါးပင် ရှိနေခဲ့ကြသည်။ လေယာဉ်ပျံလာပြီဆိုလျှင် မိသားစုတစ်စုလုံးအတွက် တူးထားသော ဗုံးခိုကျင်းများအတွင်း အပြေးအလွှား ဝင်ရောက်ခိုအောင်းကြသည်။ လေယာဉ်ပျံရန်မှ လွတ်ကင်းအေးငြိမ်းသော အချိန်မျိုး၌မူ စကားပြောကြ၊ ရယ်မောကြ၊ စားသောက်ကြဖြင့် စစ်ကာလ၏ထိတ်လန့်တုန်လှုပ်ဖွယ်၊ ပျင်းရိငြီးငွေ့ဖွယ်အချိန်တွေကို ကုန်ဆုံးစေကြသည်။ ကျွန်တော်ကား မပျော်နိုင်။

မိချောင်းရဲရွာကလေးသည် တိုးမြစ်ရိုးတွင် အချက်အချာကျသော ရွာကလေးဖြစ်၏။ လေယာဉ်ပျံတို့၏ ဗုံးဘေး၊ စစ်သေနတ်ဘေးမှ လွတ်ကင်းပါလေစ၊ အမေတစ်ယောက် ဤစစ်ဘေးစစ်ဒဏ်နှင့် စစ်မီးလျှံများအကြား၌ အဘယ်ပုံ အသက်ရှင်နေထိုင် စားသောက်နေမည်နည်း။ ကျွန်တော့်ကိုယ်ကျွန်တော် မကျေနပ်၊ တွေးမိသောအတွေးများနှင့် စပ်လျဉ်း၍လည်း မကျေနပ်၊ ပျော်ရွှင်နေကြသော ညီအစ်ကို မောင်နှမများ၊ ဆွေမျိုးများကိုလည်း မကျေနပ်။ ကျွန်တော်ရောက်ရှိနေသည့် ပတ်ဝန်းကျင်နှင့် လောကတစ်ခုလုံးကို မကျေနပ်။

သို့သော် ကျွန်တော် ဘာလုပ်နိုင်သနည်း။

ဘာမျှမလုပ်နိုင်၊ လုပ်နိုင်သည့်အရည်အချင်းမရှိ၊ အစွမ်းအစမရှိ။ သို့မို့ကြောင့်လည်း စစ်ပြေးနေရပ်တွင်နေရစဉ် အရာရာကို မကျေနပ်သော ကျွန်တော်သည် စိတ်သက်သာရာ ရစေအံ့သောငှာ လက်လှမ်းမီသမျှ စာအုပ်တွေကို ပုံဖတ်နေမိလေ၏။ ဝတ္ထုစာအုပ်များ၊ နဂါးနီတိုက်ထုတ် နိုင်ငံရေးစာအုပ်များ။

သည်လိုနှင့်ပင် ဂျပန်တွေပြန်ထွက်သွားကာ အင်္ဂလိပ်အစိုးရပြန်

mgyoe.com